# မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

# ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့၏နှစ်ပတ်လည်အစီရင်ခံစာ

## နိဒါန်း

၁။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကို ၂၀၁၁ ခုနှစ် ၊ မေလ(၅) ရက်နေ့တွင် စားသောက်ဆိုင်ပိုင်ရှင် (၂၅) ဦးတို့ဖြင့် ရန်ကုန်မြို့ Panda Hotel တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အသင်းကြီးသည် စားသောက်ဆိုင်လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရန် နှင့် စားသောက်ဆိုင်များ ဝန်ဆောင်မှုအရည်အသွေးမြင့်မားစေရေး၊ မြန်မာ့အစားအစာများအား ကမ္ဘာက သိအောင် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် စားသောက်ဆိုင်များ အကြား အပြုသဘောဆောင်သော အကြံဉာဏ်များ ဖလှယ်ခြင်း ၊ အတွေ့အကြုံများမျှဝေခြင်း ၊ စားသောက်ဆိုင်များ ကြုံတွေ့နေရသော အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း ၊ စားသောက်ဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စားသောက်ဆိုင်များ၏ အကျိုးအတွက် ဆောင်ရွက်ပေးသော အဖွဲ့အစည်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယခုအခါ MRA အသင်းသည် သက်တမ်းအားဖြင့် (၃)နှစ်ကျော်ကာလအတွင်း စားသောက်ဆိုင်များ တည်ရှိရာဒေသအလိုက် အသင်းခွဲများကို ဖွဲ့စည်းထားနိုင်ခဲ့ပါသည်။ ယခုအခါ အသင်းကြီးကိုဥက္ကဋ္ဌ ဦးဉာဏ်လင်းမှဦးဆောင်ပြီး ဗဟိုအလုပ်အမှုဆောင်(၄၈) ဦးတို့ဖြင့် အသင်းကြီး၏ တိုးတက်ရာ တိုးတက်ကြောင်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ အလုပ်အမှုဆောင်များ စာရင်းအား နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

## ၃။ အသင်းကြီး၏ ရည်ရွယ်ချက်များ

(က)မြန်မာနိုင်ငံ၏ အစားအသောက်အရည်အသွေးနှင့် ဝန်ဆောင်မှုအဆင့်အတန်းများ ကမ္ဘာ့အဆင့်မီ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ရန်၊

(ခ) မြန်မာ့အစားအစာအား ကမ္ဘာကသိအောင်ဖော်ဆောင်ပေးရန်၊

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ချမှတ်ထားသော မူဝါဒများ၊ စီမံကိန်းများ ၊ လမ်းညွှန်ချက်များအတိုင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးဆောင်ရွက်ရန်၊

(ဃ) မြန်မာနိုင်ငံ တစ်ဝှမ်းရှိ အစားအသောက် ဝန်ဆောင်မှု ပေးနေသော လုပ်ငန်းများကို တစ်ပေါင်းတစ်စည်းတည်း ကိုယ်စားပြုနိုင်သော အသင်းတစ်ခုအဖြစ် ရပ်တည်ရန်၊

(င) အစားအသောက်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ်အတွင်း အသင်းဝင်များကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးရန် အသင်းဝင်များအကြား အငြင်းပွားမှုများကို ဝင်ရောက်ဖြန်ဖြေ ဆုံးဖြတ်ပေးရန်နှင့် အသင်းဝင်များလိုအပ်သော အကူအညီများကို ပံ့ပိုးပေးရန်၊

(စ) အစားအသောက်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်း နယ်ပယ်အတွင်း လုပ်ငန်းရှင်များ အချင်းချင်း ရင်းနှီးမှုရရှိပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဆ) အစားအသောက်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းနယ်ပယ်အတွင်း စည်းစနစ်တကျဖွံ့ဖြိုးတိုးတက်ရန် အသင်းမှ အသင်းဝင်များ စောင့်ထိန်းရမည့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဌာန်းပြီး အသင်းဝင်များအားလုံးကို လိုက်နာကျင့်သုံးစေရန် ။

**၄။ တိုင်းဒေသကြီးများတွင် စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်း။**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းသည် နေရာဒေသအလိုက်တိုင်းဒေသများခွဲပြီး အသင်းခွဲများကို ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ အောက်ဖော်ပြပါ တိုင်းဒေသကြီးများကို အသင်းခွဲများကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

(က) ရန်ကုန်
(ခ) မန္တလေး
(ဂ) ပုဂံဇုန်
(ဃ) တောင်ကြီးဇုန်
(င) ညောင်ရွှေဇုန်
(စ) နေပြည်တော်ဇုန်
(ဆ) ပြင်ဦးလွင်ဇုန်
(ဇ) ကယား
(ဈ) ကျိုက်ထိုဇုန်
(ည) မော်လမြိုင်ဇုန်
(ဋ) တနင်္သာရီ
(ဌ) ကရင်ပြည်နယ်

**တိုင်းဒေသကြီးများအလိုက် အသင်းခွဲများ၏ အခြေအနေ**

၅။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ စားသောက်ဆိုင်များ၏ စည်းလုံးမှုအင်အားဖြင့် ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာစေရန်နှင့် အသင်းဗဟိုနှင့် အသင်းဝင်များ ဆက်သွယ်ဆောင်ရွက်မှု လွယ်ကူမြန်ဆန်စေရန်နှင့် အသင်းဗဟိုနှင့် အသင်းခွဲများတည်ရှိရာ နေရာဒေသအလိုက် စားသောက်ဆိုင် လုပ်ငန်းများကို အသင်းခွဲများ

ဖွဲ့စည်းထားပါသည်။ တိုင်းဒေသ အသင်းခွဲများအနေဖြင့် ရုံးများ စနစ်တကျဖွဲ့စည်းထားရှိရန်နှင့် ရန်ပုံငွေများကို စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပါသည်။ မိမိတို့တိုင်းဒေသအလိုက် စားသောက်ဆိုင်များအားလုံး အထူးဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်အမှုဆောင်များမှ ဦးဆောင်ရန် အထူးလိုအပ်ပါသည်။ မိမိတို့ တိုင်းဒေသအသင်း၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အလုပ်အမှုဆောင်များမှ ပုံမှန်အစည်းအဝေးအပြင် အသင်းသားများနှင့် စုပေါင်းပြီး အခက်အခဲများကို ဖြေရှင်းခြင်း၊ လုပ်ငန်းပညာရပ်များကို မျှဝေခြင်းများပြုလုပ်သင့်ကြောင်း ဖော်ပြအပ်ပါသည်။ အသင်းကြီးသည် အသင်းဝင်များမှ ယုံကြည်မှုပိုမိုရရှိအောင် အမှုဆောင်များမှ ကြိုးစားလုပ်ဆောင်ရန် လိုအပ်ပါသည်။ မိမိတို့အချင်းချင်း မကြာခဏတွေ့ဆုံဆွေးနွေးခြင်းဖြင့် အသင်းကြီးအတွက် သတင်းစကားများ ၊ အကြံဉာဏ်များ ပိုမိုရရှိမည်ဖြစ်ပါသည်။

## တိုင်းဒေသကြီးများအလိုက်အသင်းများ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ

### ၆။မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)အလုပ်အမှုဆောင်များ ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်) ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားအား မောခမ်းနွံစားသောက်ဆိုင်တွင် (၂.၁၁.၂၀၁၃) ရက်နေ့ (၁၀:၃၀)ချိန်မှ (၁၂:၃၀) အချိန်ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ မြန်မာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ထွန်း ၊ မြန်မာနိုင်ငံ စားသောက် ဆိုင် လုပ်ငန်းရှင်များ အသင်း(ဗဟို)မှ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးနှင့် ဗဟိုအလုပ်အမှုဆောင်(၆)ဦး၊ နေပြည်တော်စားသောက်ဆိုင်လုပ်ငန်းရှင် (၃၁) ဦးတက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးများ ၊ ဘဏ္ဍာရေးမှူးများ နှင့် စာရင်းစစ်များ၊ အဖွဲ့ဝင်များအား တစ်ဦးမှအဆိုပြု (၂) ဦးထောက်ခံစနစ်ဖြင့် အောက်ပါအတိုင်းရွေးချယ်ခဲ့ကြပြီး ၊ အဆိုပါအမှုဆောင်စာရင်းများအား ပဘာပတိအဖွဲ့မှ အတည်ပြုပေးခဲ့ပါသည်။

| **စဉ်** | **အမည်** | **ရာထူး** | **ဆိုင်အမည်** |
|---|---|---|---|
| ၁။ | ဦးတင်ဆွေ | ဥက္ကဋ္ဌ | Unison |
| ၂။ | ဦးဝိုင်း | ဒုဥက္ကဋ္ဌ -၁ | တုံဂပူရီ |
| ၃။ | ဦးကြီးမြင့် | ဒုဥက္ကဋ္ဌ -၂ | It |
| ၄။ | ဒေါ်အေးအေးအောင် | ဒုဥက္ကဋ္ဌ -၃ | Famous |
| ၅။ | ဦးစိုးမိုးကျော် | ဒုဥက္ကဋ္ဌ-၄ | ချိန်တန်ပြီ |
| ၆။ | ဦးသန်းဝင်း | ဒု-ဥက္ကဋ္ဌ-၅ | Santino |
| ၇။ | ဦးစိုင်းထွန်းဦး | အတွင်းရေးမှူး | မောခမ်းနွံ |
| ၈။ | ဒေါက်တာမောင်မောင်ဦး | တွဲဘက်အတွင်းရေးမှူး-၁ | ရွှေရင်ချွန် |
| ၉။ | ဦးမျိုးသက်ထွဋ် | တွဲဘက်အတွင်းရေးမှူး-၂ | Saim Lotus |

| | | | |
|---|---|---|---|
| ၁၀။ | ဒေါ်နွေမိုးဦး | ဘဏ္ဍာရေးမှူး | ဘောဂသိဒ္ဓိ |
| ၁၁။ | မမိုး | တွဲဘက်ဘဏ္ဍာရေးမှူး | ရွှေထန်းပင် |
| ၁၂။ | ဦးမျိုးဝေလင်း | စာရင်းစစ် | ExcelLent |
| ၁၃။ | မအိမ်စည်လင်း | တွဲဖက်စာရင်းစစ် | ထွန်းမြန်မာ |

## ၇။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) အလုပ်အမှုဆောင်များ ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) ဖွဲ့စည်းခြင်း အခမ်းအနားအား မတ်လ(၃၁)ရက်နေ့တွင်၊ ပြင်ဦးလွင်မြို့၊ မြို့တော်ခမ်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ပြင်ဦးလွင်မြို့မှ စားသောက်ဆိုင်ပိုင်ရှင်များနှင့် Food Related Industry တို့မှ လုပ်ငန်းရှင် (၇၈)ဦးတက်ရောက်ခဲ့ကြပြီးဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးညီညီဆွေ၊ ပြင်ဦးလွင်ခရိုင် စည်ပင်သာယာရေးကော်မတီဥက္ကဌ ဦးစိုးမြင့် ၊ အသင်း(ဗဟို) မှ ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း၊ ဒု-ဥက္ကဌ-၃ ဦးအေးကြည် ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်နိုင်တို့မှ တက်ရောက်ခဲ့ကြပြီး နာယက၊ ဥက္ကဌ၊ ဒု-ဥက္ကဌများ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးများ ၊ ဘဏ္ဍာရေးမှူးများ နှင့် စာရင်းစစ်များ၊ အဖွဲ့ဝင်များအားတစ်ဦးမှအဆိုပြု (၂) ဦးထောက်ခံစနစ်ဖြင့် အောက်ပါအတိုင်း ရွေးချယ်ခဲ့ကြပြီး ။ အဆိုပါ အမှုဆောင်စာရင်းများအား ပဘာပတိအဖွဲ့မှ အတည်ပြုပေးခဲ့ပါသည်။

**ပြင်ဦးလွင်ဇုန် အလုပ်အမှုဆောင်စာရင်း**

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးဝင်းမြင့် | နာယက | လေဖွန်စားသောက်ဆိုင် |
| ၂။ | ဦးစိုးမြင့် | ဥက္ကဌ | Hotel Pyin Oo Lwin |
| ၃။ | ဦးမင်းလှိုင် | ဒု-ဥက္ကဌ -၁ | Pan Taw Win |
| ၄။ | ဦးကျော်ဝင်း | ဒု-ဥက္ကဌ -၂ | လေဖွန်စားသောက်ဆိုင် |
| ၅။ | ဦးတင်မောင်ထွေး | အတွင်းရေးမှူး | Golden Lion |
| ၆။ | မနိုင်နိုင်သော် | တွဲဘက်အတွင်းရေးမှူး -၁ | Lake Front Feel |
| ၇။ | မသီဂီအောင် | တွဲဘက်အတွင်းရေးမှူး-၂ | Soe San Preserved Fruit |
| ၈။ | ဦးကျော်မြင့် | ဘဏ္ဍာရေးမှူး | Grace Hotel |
| ၉။ | ဦးခင်ဇော် | စာရင်းစစ် | Sun Top Burger |
| ၁၀။ | ဦးစိုင်းအောင်ခမ်းဦး | အလုပ်အမှုဆောင် | ငွေနန်းတော်ဝိုင် |
| ၁၁။ | ဒေါ်လွင်ကေနိုင် | အလုပ်အမှုဆောင် | Woodland |
| ၁၂။ | ဦးဇော်ဇော် | အလုပ်အမှုဆောင် | ဆန်ဖရန်စစ္စကို |
| ၁၃။ | မဇင်မာ | အလုပ်အမှုဆောင် | ဂွှေဝင်ဆည်းဆာ |

| | | | |
|---|---|---|---|
| ၁၄။ | မပိုင်းလတ် | အလုပ်အမှုဆောင် | အောင်ပတ္တမြား |
| ၁၅။ | ဒေါ်နန်းမိုခမ်း | အလုပ်အမှုဆောင် | လေညင်းသာ |

## ၈။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကယား) အလုပ်အမှုဆောင်များ ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကယား)ဖွဲ့စည်းခြင်း အခမ်းအနားအား ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ ဥက္ကဌ ဦးဉာဏ်လင်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုး၊ ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်နိုင်နှင့် ဦးသကြ်န်ကျော်၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ညောင်ရွှေဖုန်) အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့မှ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း(ကယား)အတွက် ဥက္ကဌ၊ ဒု-ဥက္ကဌများ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးများ ၊ ဘဏ္ဍာရေးမှူးများ နှင့် စာရင်းစစ်များ၊ အဖွဲ့ဝင်များအား တစ်ဦးမှ အဆိုပြု (၂) ဦးထောက်ခံစနစ်ဖြင့် အောက်ပါအတိုင်း ရွေးချယ်ခဲ့ကြပြီး ၊ အဆိုပါ အမှုဆောင်စာရင်းများအား သဘာပတိအဖွဲ့မှ အတည်ပြုပေးခဲ့ပါသည်။

**ကယားပြည်နယ် အလုပ်အမှုဆောင်စာရင်း**

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးအောင်စံ | ဥက္ကဌ | Royal Village |
| ၂။ | ဦးဝင်းစိန် | ဒု-ဥက္ကဌ | အောင်သပြေ |
| ၃။ | ဦးလှမိုး | အတွင်းရေးမှူး | Loikaw City |
| ၄။ | ဦးကျော်ဦး | တွဲဘက်အတွင်းရေးမှူး (၁) | ရွှေခြသေ့် |
| ၅။ | ဦးငြိမ်းချမ်းမိုး | တွဲဘက်အတွင်းရေးမှူး(၂) | ရွှေတောင်ပံ |
| ၆။ | ဒေါ်ထူးထူးအေး | ဘဏ္ဍာရေးမှူး | Master |
| ၇။ | ကိုခိုင် | တွဲဘက်ဘဏ္ဍာရေးမှူး | ပါစီကဖေး |
| ၈။ | ဒေါ်ဝင်းမြင့်ထွေး | စာရင်းစစ် | သဇင် |
| ၉။ | ဦးဝင်းလှိုင် | တွဲဖက်စာရင်းစစ် | ကောင်းကျော်ဟိန်းကဖေး |
| ၁၀။ | ဦးကြည်စိန် | တွဲဖက်စာရင်းစစ် | ယဉ်မျိုးချစ် |
| ၁၁။ | ဦးဟုန်စိန် | အလုပ်အမှုဆောင် | ဦးစိန်စားသောက်ဆိုင် |
| ၁၂။ | ဦးအုန်းသောင်း | အလုပ်အမှုဆောင် | ရွှေဒဂုံ |
| ၁၃။ | ဦးချစ်ဝင်း | အလုပ်အမှုဆောင် | ဟိုင်ဆွမ် |
| ၁၄။ | ဦးထွန်းထွန်းဦး | အလုပ်အမှုဆောင် | စည်တောင် |
| ၁၅။ | ဦးကျော်ဌေး | အလုပ်အမှုဆောင် | KKS |
| ၁၆။ | ဦးမြင့်အောင် | အလုပ်အမှုဆောင် | ဖိုးခွား |
| ၁၇။ | ဒေါ်မော်မော်လွင် | အလုပ်အမှုဆောင် | ရွှေကယား |

| | | | |
|---|---|---|---|
| ၁၈။ | ဦးခင်မောင်ကျော် | အလုပ်အမှုဆောင် | ရွှေရတီ |
| ၁၉။ | ဦးထွန်းနိုင်ဦး | အလုပ်အမှုဆောင် | ရွှေလက်ရာ |
| ၂၀။ | ဒေါ်မင်းမင်းသော် | အလုပ်အမှုဆောင် | ဖြိုးသော် |
| ၂၁။ | ဒေါ်စန်းညွန့် | အလုပ်အမှုဆောင် | ဟိုတယ်လွိုင်ကော် |
| ၂၂။ | ဒေါ်ယဉ်မျိုးသူ | အလုပ်အမှုဆောင် | မြတ်နိုး |
| ၂၃။ | ဦးအေးနိုင် | အလုပ်အမှုဆောင် | River View |
| ၂၄။ | ဦးအောင်သန်းလင်း | အလုပ်အမှုဆောင် | ရိုးရာဟင်းထုပ်ဆိုင် |
| ၂၅။ | ဦးထွန်းရ | အလုပ်အမှုဆောင် | မင်္ဂလာဟင်းထုပ်ဆိုင် |
| ၂၆။ | ဦးထွန်းမြင့် | အလုပ်အမှုဆောင် | လွှက်ရည်ဆိုင် |
| ၂၇။ | ဦးကျော်လင်း | အလုပ်အမှုဆောင် | မိုးကောင်းကင်ကဖေး |
| ၂၈ ။ | ဒေါ်ရှမ်းမ | အလုပ်အမှုဆောင် | မရှမ်းခေါက်ဆွဲဆိုင် |
| ၂၉။ | ဒေါ်ဝေ | အလုပ်အမှုဆောင် | နာရီစင် ဆီချက် |
| ၃၀ ။ | ဒေါ်မူနေနေလင်း | အလုပ်အမှုဆောင် | ဒေါ်မူမုန့်ဟင်းခါး |
| ၃၁။ | ဒေါ်မူး | အလုပ်အမှုဆောင် | ဒေါ်မူးဆန်ခေါက်ဆွဲဆိုင် |
| ၃၂။ | ဦးကိုဦး | အလုပ်အမှုဆောင် | မိုးကောင်းကင်အအေး |

## ၉။ **မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကျိုက်ထိုဇုန်) အလုပ်အမှုဆောင်များ ဖွဲ့စည်းခြင်း အခမ်းအနား ကျင်းပခြင်း**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကျိုက်ထိုဇုန်)ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားအား(၁၈.၁၀.၂၀၁၄) ရက်နေ့ ၊ နေ့လည်(၂)နာရီ အချိန်တွင် ကျိုက်ထိုမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးတွင် ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဌ၊ ပြည်တွင်း အခွန်များဦးစီးဌာန နှင့် ကျိုက်ထိုမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဌာနမှ တာဝန်ရှိသူများ၊ ကျိုက်ထို၊ ဘီလင်း၊ မုပ္ပလင်၊ ကင်ပွန်းစခန်း၊ သထုံမှ စားသောက်ဆိုင်ပိုင်ရှင်များနှင့် အသင်းဗဟိုမှ ဒု-ဥက္ကဌ-၃ ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုး၊ ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦး နှင့် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်နိုင်တို့မှ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံစားသောက် ဆိုင်လုပ်ငန်းရှင်များအသင်း(ကျိုက်ထိုဇုန်)အတွက် အောက်ဖော်ပြပါ အလုပ်အမှုဆောင် အဖွဲ့ဝင်များအား တစ်ဦးမှ အဆိုပြု (၂) ဦး ထောက်ခံစနစ်ဖြင့် အောက်ပါအတိုင်း ရွေးချယ်ခဲ့ကြပြီး ၊ အဆိုပါ အမှုဆောင်စာရင်းများအား ပဘာပတိအဖွဲ့မှ အတည်ပြုပေးခဲ့ပါသည်။

**ကျိုက်ထိုဖုန်အလုပ်အမှုဆောင်စာရင်း**

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးခင်မောင်ဖြူ | ဥက္ကဋ္ဌ | ဘဲလေးစားသောက်ဆိုင် |
| ၂။ | ဦးလွင်အောင် | ဒု-ဥက္ကဋ္ဌ-၁ | ပန်းရိုးမ |
| ၃။ | ဦးအောင်ခိုင် | ဒု-ဥက္ကဋ္ဌ-၂ | Sunday ( သထုံ) |
| ၄။ | ဦးပြည့်စုံဟိန်း | အတွင်းရေးမှူး | စံအိမ်တော် |
| ၅။ | ဦးကျော်သက်ဇင် | တွဲဘက်အတွင်းရေးမှူး-၁ | ရွှေကုက္ကို |
| ၆။ | ဦးဝင်းမြင့် | တွဲဘက်အတွင်းရေးမှူး-၂ | ဝင်းကဖေး |
| ၇။ | ဦးကျော်ကျော်နိုင် | ဘဏ္ဍာရေးမှူး | ရွှေမြိုင်စိန် |
| ၈။ | ဒေါ်မြင့်မြင့်သန်း | စာရင်းစစ် | Parrot |
| ၉။ | ဦးမျိုးဝေ | တွဲဘက်စာရင်းစစ် | ကောင်းကောင်း(ဘီးလင်း) |
| ၁၀။ | ဦးသန့်ဇင်ဝင်း | အလုပ်အမှုဆောင် | စိမ်းလဲ့တင် |
| ၁၁။ | ဦးတင်ဝင်းထွဋ် | အလုပ်အမှုဆောင် | ဗိုလ်ကတော် |
| ၁၂။ | ဦးပီတာ | အလုပ်အမှုဆောင် | ခိုင်ခိုင်ကျော် |
| ၁၃။ | ဦးအေးလွင် | အလုပ်အမှုဆောင် | ချစ်ပိုင်း |
| ၁၄။ | ဦးမျိုးမင်းအောင် | အလုပ်အမှုဆောင် | ပစ်တိုင်းထောင် |
| ၁၅။ | ဦးသားကြီး | အလုပ်အမှုဆောင် | ပြည့်စုံ |
| ၁၆။ | ဦးအောင်စိုးမင်း | အလုပ်အမှုဆောင် | ဖူးပွင့်ဝေဆာ |
| ၁၇။ | ဦးအောင်ဆန်း | အလုပ်အမှုဆောင် | တက်နေဝင်း |
| ၁၈။ | ဦးအောင်နိုင်ဝင်း | အလုပ်အမှုဆောင် | ကောင်းသစ်လွင် |
| ၁၉။ | ဦးလွန်းတင် | အလုပ်အမှုဆောင် | A1 |
| ၂၀။ | ဦးအောင်မြသန်း | အလုပ်အမှုဆောင် | စွယ်တော်စားသောက်ဆိုင် |
| ၂၁။ | ဦးကျော်ဝေ | အလုပ်အမှုဆောင် | ကောင်းကြိုက် |
| ၂၂။ | ဦးမျိုးချစ် | အလုပ်အမှုဆောင် | ရွှေမျက်မှန် |
| ၂၃။ | ဦးနန္ဒမောင် | အလုပ်အမှုဆောင် | နေဇာလွင်ကဖေး |
| ၂၄။ | ဦးကြည်လွင် | အလုပ်အမှုဆောင် | ရင်ရင်ပြုံး |
| ၂၅။ | ဦးဝင်းစိုးမိုး | အလုပ်အမှုဆောင် | ကောင်းကောင်းသထုံ |
| ၂၆။ | ဦးကျော်ဝင်းစိန် | အလုပ်အမှုဆောင် | ရွှေငါး (နောင်ကုလား) |
| ၂၇။ | ဦးဝလင်း | အလုပ်အမှုဆောင် | လင်းလင်းစားသောက်ဆိုင် |

## ၁၀။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်) အလုပ်အမှုဆောင်များ ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်)ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားအား (၃-၁၁-၂၀၁၄) ရက်နေ့တွင် မော်လမြိုင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှိ ရွှေမြိုင်ခမ်းမတွင် မော်လမြိုင်ဇုန် အပြီးသတ်ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ စီမံ/စီးပွားဝန်ကြီး ဒေါက်တာမင်းနွယ်စိုး မှ တက်ရောက် ချီးမြှင့် အမှာစကားပြောကြားခဲ့ပြီး ၊ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ ချောင်းဆုံ နှင့် ရေးမြို့တို့မှ အထွေထွေအုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာဌာနမှ တာဝန်ရှိသူများနှင့် စားသောက်ဆိုင်ပိုင်ရှင်(၃၉)ဦး တက်ရောက်ခဲ့ပြီး မော်လမြိုင်ဇုန် အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ခဲ့ကြပြီး သဘာပတိအဖွဲ့မှ အတည်ပြုပေးခဲ့ကြပြီးဖြစ်ပါသည်။

### မော်လမြိုင်ဇုန်အမှုဆောင်စာရင်း

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးချန်ထွန်း | ဥက္ကဌ | သံလွင်စားသောက်ဆိုင် |
| ၂။ | ဦးမိုးကျော် | ဒု-ဥက္ကဌ-၁ | ငွေမိုးစားသောက်ဆိုင် |
| ၃။ | ဦးချိုချို | ဒု-ဥက္ကဌ-၂ | အောင်ကောင်းမြတ် |
| ၄။ | ဦးညီညီလတ် | အတွင်းရေးမှူး | ဘုန်းကြီးစားသောက်ဆိုင် |
| ၅။ | ဦးထောမွန် | တွဲဘက်အတွင်းရေးမှူး-၁ | ရွှေဇီးကွက် |
| ၆။ | ဦးလှမျိုးအောင် | တွဲဘက်အတွင်းရေးမှူး-၂ | A1 လ္ဘက်ရည်ဆိုင် |
| ၇။ | ဦးအေးကိုမြင့် | ဘဏ္ဍာရေးမှူး | Ever Shine |
| ၈။ | ဦးတင်မြင့် | စာရင်းစစ် | ပုလဲဖြူ |
| ၉။ | ဦးရဲမင်း | အလုပ်အမှုဆောင် | မွန္တလေးအသားကင်ဆိုင် |
| ၁၀။ | ဦးမျိုးဇော် | အလုပ်အမှုဆောင် | မိုးစက် |
| ၁၁။ | ဦးသန်းစိုး | အလုပ်အမှုဆောင် | ပိတောက်စမ်း |
| ၁၂။ | ဦးအေးလွင် | အလုပ်အမှုဆောင် | ရေနဂါးစားသောက်ဆိုင် |
| ၁၃။ | | အလုပ်အမှုဆောင် | မေချစ်တီးထမင်းဆိုင် |
| ၁၄။ | ဦးဝင်းထိုက် | အလုပ်အမှုဆောင် | |
| ၁၅။ | ဦးမောင်ညွှန့် | အလုပ်အမှုဆောင် | |
| ၁၆။ | ဦးဝင်းနိုင်ဦး | အလုပ်အမှုဆောင် | |
| ၁၇။ | ဦးသောင်းကြည် | အလုပ်အမှုဆောင် | |
| ၁၈။ | ဦးအောင်ကျော်မိုး | အလုပ်အမှုဆောင် | |
| ၁၉။ | ဦးမြင့်လွင် | အလုပ်အမှုဆောင် | |

| | | | |
|---|---|---|---|
| ၂၀။ | ဦးအောင်ကိုမင်း | အလုပ်အမှုဆောင် | ကြင်နာရိပ် |
| ၂၁။ | ဦးပါစိန် | အလုပ်အမှုဆောင် | မြအဏ္ဏာဝါ |
| ၂၂။ | ဦးမြင့်သိန်း | အလုပ်အမှုဆောင် | နွေဆည်း |
| ၂၃။ | ဦးခင်မောင်ကျော် | အလုပ်အမှုဆောင် | မြိုင်သံလွင် |
| ၂၄။ | ဦးမိုးမိုး | အလုပ်အမှုဆောင် | White House |
| ၂၅။ | ဦးယုံးဆိုင် | အလုပ်အမှုဆောင် | OK စားသောက်ဆိုင် |
| ၂၆။ | ဦးဖိုးခွား | အလုပ်အမှုဆောင် | ရမ္မာလ္ဘက်ရည်ဆိုင် |
| ၂၇။ | ဦးထွန်းမြင့် | အလုပ်အမှုဆောင် | ရှမ်းရိုးမလ္ဘက်ရည်ဆိုင် |
| ၂၈။ | ဦးကျော် | အလုပ်အမှုဆောင် | ကျော်စားသောက်ဆိုင် |
| ၂၉။ | ဦးကြည်စိုး | အလုပ်အမှုဆောင် | Ever Gold စားသောက်ဆိုင် |
| ၃၀။ | ဦးဇော်ဝင်း | အလုပ်အမှုဆောင် | မေတ္တာရိပ် |

## ၁၁။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (တနင်္သာရီ) အလုပ်အမှုဆောင်များဖွဲ့စည်းခြင်း အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (တနင်္သာရီ) ဖွဲ့စည်းရန်အတွက် ညှိနှိုင်း အစည်းအဝေးအား (၁၃.၁၀.၂၀၁၄) ရက်နေ့တွင် ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦး နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်နှင်းနှင်းအေးတို့မှ ညနေ(၃)နာရီအချိန်တွင် Diamond Crown Hotel တွင် ထားဝယ်မြို့မှ စားသောက်ဆိုင်ပိုင်ရှင်များ နှင့် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ လုပ်ငန်းရှင်(၁၉)ဦး တက်ရောက်ခဲ့ပြီး ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (တနင်္သာရီတိုင်း) အတွက် တက်ရောက်လာသော စားသောက်ဆိုင်ပိုင်ရှင်များမှ တစ်ဦးမှအဆိုပြု ၊ နစ်ဦးမှ ထောက်ခံစနစ်ဖြင့် အမှုဆောင်များကိုရွေးချယ်ခဲ့ကြပါသည်။

(၁၄.၁၀.၂၀၁၄) ရက်နေ့ ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ တနင်္သာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း တို့နှင့်တိုင်းရုံးတွင် ကျင်းပပြုလုပ်သည့် အစည်းအဝေး၌ ဒု-ဥက္ကဋ္ဌ ဦးခင်အောင်ထွန်းနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးတို့မှ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (တနင်္သာရီ)အတွက်ဖွဲ့စည်းထားသော အမှုဆောင်စာရင်းများကို အောက်ပါအတိုင်း ဖတ်ကြားအတည်ပြု ခဲ့ပါသည်။

**တနင်္သာရီ အလုပ်အမှုဆောင်စာရင်း**

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးကျော်ဝင်း | ဥက္ကဋ္ဌ | ပုလဲကေရီ |
| ၂။ | ဦးမြင့် ဦး | ဒု-ဥက္ကဋ္ဌ-၁ | Smile |
| ၃။ | ဦးဖိုးလိပ် | ဒု-ဥက္ကဋ္ဌ-၂ | ဟောင်ကောင် |

| | | | |
|---|---|---|---|
| ၄။ | ဦးဝင်းစိုး | အတွင်းရေးမှူး | ၄၄၃စားသောက်ဆိုင် |
| ၅။ | ဦးသိန်းမြင့် | တွဲဘက်အတွင်းရေးမှူး-၁ | ထာဝရ |
| ၆။ | ဦးငွေသီဟအေး | တွဲဘက်အတွင်းရေးမှူး-၂ | ရွှေနှင်းဆီ |
| ၇။ | ဦးမောင်သိန်း | တွဲဘက်အတွင်းရေးမှူး-၃ | ငွေဇာယံ |
| ၈။ | ဒေါ်သင်းသင်းဝါ | ဘဏ္ဍာရေးမှူး | Café Amazon Lotus |
| ၉။ | ဒေါ်ဝေဝေထွန်း | စာရင်းစစ် | သထုံဒေါ်သန်း |
| ၁၀။ | ဦးဟုတ်စိန် | အလုပ်အမှုဆောင် | သဟာရ |
| ၁၁။ | ဦးလှမြင့် | အလုပ်အမှုဆောင် | ရတနာပုံကဖေး |
| ၁၂။ | ဦးစိုးသောင်းရှိန် | အလုပ်အမှုဆောင် | ရှိုင်း |
| ၁၃။ | ဒေါ်အေးအေးမူ | အလုပ်အမှုဆောင် | အောင်ပြည့်ဖြိုး |
| ၁၄။ | ဦးနေဝင်း | အလုပ်အမှုဆောင် | မိတ်ဆွေကဖေး |
| ၁၅။ | ဦးသိန်းမင်းစိုး | အလုပ်အမှုဆောင် | တော်ဝင်ပြည့်ဝ |
| ၁၆။ | ဦးဝင်းနိုင် | အလုပ်အမှုဆောင် | ရွှေနဂါး |
| ၁၇။ | ဦးအောင်နိုင် | အလုပ်အမှုဆောင် | Mountain King |
| ၁၈။ | ဦးဝင်းစိုး | အလုပ်အမှုဆောင် | စိုးစံပြ |
| ၁၉။ | ဦးအောင်စိန် | အလုပ်အမှုဆောင် | ဧရာဝတီထမင်းဆိုင် |
| ၂၀။ | ဒေါ်ဝါဝါအေး | အလုပ်အမှုဆောင် | စိန်ချယ်ထမင်းဆိုင် |
| ၂၁။ | ဦးသိန်းလွင် | အလုပ်အမှုဆောင် | ရတနာဦး |
| ၂၂။ | ဦးတင့်လွင် | အလုပ်အမှုဆောင် | စာဝါဒီ |

## ၁၂။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကရင်) အလုပ်အမှုဆောင်များဖွဲ့စည်းခြင်း အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကရင်) ဖွဲ့စည်းခြင်းနှင့် အလုပ်အမှုဆောင်များအားတင်မြှောက်ခြင်းအခမ်းအနားအား(၂၅.၁၁.၂၀၁၄)ရက်နေ့ ၊ နေ့လည်(၄)နာရီအချိန်၊ ဇွဲကပင်ဟိုတယ်တွင်ကျင်းပပြုလုပ်ခဲ့ပြီးအဆိုပါအစည်းအဝေးသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ ၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးနိုင်မင်းစိုးသိန်း ၊ ဟိုတယ်နှင့်ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော် နှင့် အသင်းဗဟိုမှ ဒု-ဥက္ကဋ္ဌ-၁ ဦးခင်အောင်ထွန်း၊ ဗဟိုအလုပ်အမှုဆောင် ဦးသက်နိုင်ကျော်တို့မှတက်ရောက်ခဲ့ကြပြီး၊ကရင်ပြည်နယ်မှစားသောက်ဆိုင်ပိုင်ရှင်များမှတက်ရောက်ခဲ့ကြပြီး၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ကရင်ဇုန်)အတွက်အောက်ပါအတိုင်းအမှုဆောင်များကို ရွေးချယ်ခဲ့ကြပါသည်။

ကရင်ပြည်နယ်အလုပ်အမှုဆောင်စာရင်း

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးအောင်မျိုးသန့် | ဥက္ကဋ္ဌ | ချစ်လေးကဖေး |
| ၂။ | ဦးနေမျိုးဝင်း | ဒု-ဥက္ကဋ္ဌ-၁ | ပုလဲမြေစားသောက်ဆိုင် |
| ၃။ | ဦးစောသန်းဝင်း | ဒု-ဥက္ကဋ္ဌ-၂ | ဆဘိုင်းစားသောက်ဆိုင် |
| ၄။ | ဦးခင်မောင်စိုး | အတွင်းရေးမှူး | ခွယ်ကဘောင် |
| ၅။ | မဝင်းမို့မို့ | တွဲဘက်အတွင်းရေးမှူး-၁ | စံမတူထမင်းဆိုင် |
| ၆။ | ဦးဇေယျာခင် | တွဲဘက်အတွင်းရေးမှူး-၂ | Oscar စားသောက်ဆိုင် |
| ၇။ | မနီလာဝင်း | ဘဏ္ဍာရေးမှူး | နီလာအအေး |
| ၈။ | ကိုသူရထွန်း | စာရင်းစစ် | T & C ကြက်ကြော် |
| ၉။ | ဦးသန်းဝင်း | အလုပ်အမှုဆောင် | ရွှေထုံမောင်ကဖေး |
| ၁၀။ | မနန်းမြတ်ဝတ်ရည် | အလုပ်အမှုဆောင် | ရွှေမန်းစားသောက်ဆိုင် |
| ၁၁။ | ဦးကျော်စံလင်း | အလုပ်အမှုဆောင် | ပန်းခွာညိုကဖေး |
| ၁၂။ | ဦးနေလင်းဦး | အလုပ်အမှုဆောင် | ခေတ်သစ်စားသောက်ဆိုင် |
| ၁၃။ | ဦးမျိုးဇော်ဦး | အလုပ်အမှုဆောင် | ရွှေမြင့်မိုရ်စားသောက်ဆိုင် |
| ၁၄။ | ဒေါ်မေဦး | အလုပ်အမှုဆောင် | ရွှေနဂါးစားသောက်ဆိုင် |
| ၁၅။ | ဦးအောင်ခန့် | အလုပ်အမှုဆောင် | အိုအေစစ်-၁ |
| ၁၆။ | ဦးမောင်စိုး | အလုပ်အမှုဆောင် | အိုအေစစ်-၂ |
| ၁၇။ | ဦးအောင်ဝင်းစိုး | အလုပ်အမှုဆောင် | Kar Ma စားသောက်ဆိုင် |
| ၁၈။ | ဒေါ်နန်းအေးဦး | အလုပ်အမှုဆောင် | Sky 1 စားသောက်ဆိုင် |
| ၁၉။ | ဦးစိုးမင်းညွန့် | အလုပ်အမှုဆောင် | Doughtnut ဆိုင် |
| ၂၀။ | ဦးမြင့်သိန်း | အလုပ်အမှုဆောင် | ရာစန့်လက်ဖက်ရည်ဆိုင် |
| ၂၁။ | ဒေါ်မို့မို့သန်း | အလုပ်အမှုဆောင် | T- Days လက်ဖက်ရည်ဆိုင် |
| ၂၂။ | ဦးကျော်ကြီး | အလုပ်အမှုဆောင် | ကောင်းဆက်စားသောက်ဆိုင် |
| ၂၃။ | ဦးဆန်းအောင် | အလုပ်အမှုဆောင် | Lucky -3 |
| ၂၄။ | ဦးမြတ်မင်းအောင် | အလုပ်အမှုဆောင် | သဇင်စားသောက်ဆိုင် |
| ၂၅။ | ဒေါ်အိအိဖြိုး | အလုပ်အမှုဆောင် | နန်းစန္ဒီစားသောက်ဆိုင် |
| ၂၆။ | ဦးဆွေဝင်း | အလုပ်အမှုဆောင် | မိုးသောက်ပန်း |

# အသင်းကြီးမှ လှုပ်ရှားဆောင်ရွက်မှုများ

Bangkok EXHIBITION SERVICES LTD (BES) **နှင့် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း**

၁၃။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း နှင့် Bangkok EXHIBITION SERVICES LTD (BES) နှင့် Food & Hotel Myanmar တွင် (၅) နှစ်တိုင်တိုင်ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို မြန်မာနိုင်ငံစားသောက် ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားပြုသော ဒု-ဥက္ကဋ္ဌ-၁ ဦးခင်အောင်ထွန်း နှင့် Bangkok Exhibition Services (BES) မှ ကိုယ်စားပြုသော Mr. Justin Pau နှင့် အသိသက်သေများအဖြစ် MRA အသင်းမှ အကြီးတန်းဒု-ဥက္ကဋ္ဌ-၁ ဦးဆန်နီအောင်ခင် နှင့် BES မှ Director, Mr. Paul March (Overseas Exhibition Services Ltd ) တို့မှ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။

**လုံခြုံရေးဆိုင်ရာသင်တန်းသို့ တက်ရောက်ခဲ့ခြင်း**

၁၄။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၂၁) ရက်နေ့မှ (၂၅ )ရက်နေ့ ယုဇနဂါးဒင်းဟိုတယ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးစီး၍ လုံခြုံရေးဆိုင်ရာသင်တန်းသို့ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း မှ အသင်းဝင်ဆိုင်များမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

**MYANFOOD/MYANHOTEL 2013 EXPO တွင် ပြခန်းများပြသခဲ့ခြင်း။**

၁၅။ ၂၀၁၃ ခုနှစ် ၊ နိုဝင်ဘာလ (၆) ရက်နေ့မှ (၈) ရက်နေ့မှထိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ် ခဲ့သည့် MYANFOOD/ MYANHOTEL 2013 EXPOတွင် အသင်းကြီးမှ 9qm အကျယ်အဝန်းရှိသည့် ပြခန်းတွင် အသင်းနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ မျှဝေပေးခြင်း နှင့် အသင်း၏လှုပ်ရှားဆောင် ရွက်ခဲ့မှုများကို ပြသခဲ့ပြီး နိုင်ငံအသီးသီးမှ Exhibitior များ၊ ဧည့်သည်များ မှ စိတ်ဝင်တစား လာရောက်ကြည့်ရှုပါသည်။

## Korea Cooking School နှင့်အစည်းအဝေးပြုလုပ်ခြင်း

၁၆။ Korea Cooking School မှ တာဝန်ရှိသူများနှင့် အသင်းကြီးနှင့် ပူးပေါင်း၍ Korea Cooking School ဖွင့်လှစ်နိုင်ရေးအတွက် ရည်ရွယ်၍ ညှိနှိုင်းအစည်းအဝေးကို SEA Games Project ရုံးခန်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး အသင်းကြီးမှ ဒု-ဥက္ကဋ္ဌ ဦးနေလင်း ၊ အထွေထွေအအတွင်းရေးမှူး ဦးကျော်မြတ်မိုးနှင့် တာဝန်ရှိသူများမှ နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

## ASEAN Tourism Forum 2014 သို့ တက်ရောက်ခြင်း

၁၇။ ၂၀၁၄ ခုနှစ် ၊ ဇန်နဝါရီလ (၁၆) ရက်နေ့မှ ဇန်နဝါရီလ (၂၃) ရက်နေ့ထိ မလေးရှားနိုင်ငံ ၊ ကူချင်း မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ASEAN Tourism Forum 2014 အစည်းအဝေးသို့ မြန်မာနိုင်ငံ၌

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ကျင်းပသွားနိုင်ရန်အတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနား (Myanmar Night) သို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှအကြီးတန်းဒု-ဥက္ကဌ-၂ ဒေါ်တင်မာမြင့် ၊ ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်ချယ်ရီအောင်ခင်တို့မှ တက်ရောက်ခဲ့ပါသည်။

## The Workshop on Food Service Corporate Activities for Myanmar ( EEMF)သို့ ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခြင်း

၁၈။ ၂၀၁၄ ခုနှစ် ၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှ (၂၈) ရက်နေ့ထိ ဂျပန်နိုင်ငံသို့ Japanese Government – Ministry of Economy, Trade and Industry (METI), The Overseas Human Resources of Industry Development Association (HIDA) မှ The Workshop on Food Service Corporate Activities for Myanmar (EEMF) သို့ တက်ရောက်ရန် ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဌ-၄ ဦးနေလင်း ၊ ဦးအောင်စည်သူစိုး၊ ဒေါက်တာနေဇော်အောင်၊ ဒေါ်အိမေလွင်၊ ဦးအေးမြင့်၊ ဒေါ်ဇာလီမော်ဦး၊ ဒေါ်သီတာဦး၊ ဒေါ်မျိုးမျိုးထက်၊ ဦးဝင်းထက်အောင်၊ ဦးပြည့်ဝေဖြိုး၊ ဒေါ်ခိုင်ခိုင်၊ ဦးငွေဆယ်မောင်၊ ဒေါ်မိုးသဥ္ဇာဝင်း (၁၃) ဦးတို့မှတက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံမှ အစားအသောက်နှင့် အုပ်ချုပ်မှုဆိုင်ရာပညာရပ်များကို (၁၂)ရက်ကြာ သွားရောက်လေ့လာခဲ့ကြပါသည်။

## မြန်မာစီးပွားရေးဖိုရမ်အတွက် နာမည်စာရင်းပေးပို့ခြင်း

၁၉။ မြန်မာစီးပွားရေးဖိုရမ်တွင်မြန်မာစီးပွားရေးဖိုရမ်ကို ဖွဲ့စည်းတည်ထောင်ရန်အတွက် မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း ကိုယ်စားပြုအဖြစ် ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း နှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးတို့၏ နာမည်များကိုပေးပို့ခဲ့ပါသည်။

## LPG Fueling Myanmar's Future Seminar သို့ တက်ရောက်ခြင်း

၂၀။ ၂၀၁၄ ခုနှစ်၊ ဧပြီလ(၉)ရက်နေ့တွင် Traders Hotel တွင်ကျင်းပပြုလုပ်သည့် LPG Fueling Myanmar's Future Seminar သို့တက်ရောက်ရန် ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) မှ ဥက္ကဌ ဦးအောင်စည်သူစိုးမှ တက်ရောက်ခဲ့ပါသည်။

## The Overseas Human Resources of Industry Development Association (HIDA) မှ ကိုယ်စားလှယ်များနှင့်အစည်းအဝေးပြုလုပ်ခြင်း

၂၁။ ၂၀၁၄ခုနှစ်၊ မေလ(၃) ရက်နေ့၊ နေ့လည်(၁၂း၃၀)အချိန်တွင် Inya Lake Hotel တွင် အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုး နှင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ကြသော အဖွဲ့ဝင်များဖြစ်ကြသော ဦးနေလင်း၊ ဒေါက်တာနေဇော်အောင်၊ ဦးပြည့်ဝေဖြိုး၊ ဦးအောင်စည်သူစိုး၊ ဦးထွန်းထွန်း၊ ဒေါ်အိမေလွင်၊ ဒေါ်ဇာလီမော်ဦး၊ ဒေါ်ခိုင်ခိုင် နှင့် The Overseas Human Resources of Industry

Development Association (HIDA) မှ ကိုယ်စားလှယ်(၃) ဦးတို့သည် မြန်မာနိုင်ငံရှိ စားသောက်ဆိုင်များ ပြုပြင်ပြောင်းလဲ တိုးတက်မှု အခြေအနေများ၊ ဂျပန်နိုင်ငံသို့ သင်တန်း အတွေ့အကြုံများအား ပြန်လည် အသုံးချနိုင်မှု အခြေအနေများ၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် ပတ်သက်သော အားနည်းချက်များ၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များ၊ စားသောက်ဆိုင်ဖွင့်လှစ်ရန်အတွက် မြေနေရာဌားရမ်းမှု အခက်အခဲများ စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး ဝန်ဆောင်မှုကဏ္ဍအတွက် သင်တန်းပေါင်းစုံ လာရောက်ပို့ချမည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။

## DVB Debate ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ခြင်း

၂၂။ ၂၀၁၄ ခုနှစ် ၊ မေလ(၂၄) ရက်နေ့တွင် DVB Multimedia Group မှ စီစဉ်တင်ဆက်မှုဖြင့် **"နေ့စဉ် စားသောက်နေသည့်အစားအစာများဟာ ဘေးအန္တရာယ်ကင်းရှင်းပါရဲ့လား၊ ကျန်းမာရေးနှင့်အညီ သင့်တင့် မျှတသည့် စားသောက်မှုအလေ့အထ ၊ လက်ရှိဈေးကွက်အတွင်းရှိ စားသောက်ကုန်များနှင့်လူထုကျန်းမာရေး ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲ "**DVB Debate " သို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုး မှ တက်ရောက်၍ စားသောက်ဆိုင်ထုကိုယ်စားတက်ရောက် ဆွေးနွေးခဲ့ပါသည်။

## Food & Hotel Myanmar 2014 Press Conferenceသို့တက်ရောက်ခြင်း

၂၃။ ၂၀၁၄ ခုနှစ်၊ မေလ(၂၇) ရက်နေ့၊ Park Royal Hotel တွင်ကျင်းပပြုလုပ်သည့် Food & Hotel Myanmar 2014 Press Conference သို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်းမှတက်ရောက်ခဲ့ပြီးFood & Hotel Myanmar 2014 တွင်အသင်းမှ 11th AHRA Bartenders' Championship 2014 ပြိုင်ပွဲနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

## အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅(ATF-15)နှင့်စပ်လျဉ်းသည့်အစည်းအဝေးသို့ တက်ရောက်ခြင်း

၂၄။ ၂၀၁၄ ခုနှစ်၊ မေလ(၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၂၂) ရက်နေ့မှ (၂၉) ရက်နေ့ထိ နေပြည်တော်တွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ (ATF-15)တွင် ပြပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည့် အစည်းအဝေးသို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးမှ တက် ရောက်ခဲ့ပါသည်။

## နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခြင်း

၂၅။ ၂၀၁၄ ခုနှစ်၊ မေလ(၃၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ ဖိတ်ကြားချက်အရ အသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုး တက်ရောက်ခဲ့ပါသည်။

## Food and Hotel Myanmar 2014 တွင် ပြခန်းပြသခြင်း

၂၆။ ၂၀၁၄ ခုနှစ်၊ ဖွန်လ (၁၈၊၁၉၊၂၀) ရက်နေ့တွင် Myanmar Convention Center (MCC) တွင် ကျင်းပပြုလုပ်သည့် Food and Hotel Myanmar 2014 တွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ ပြခန်းတွင် အသင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက် အပြည့်အစုံအား ပြသနိုင်ခဲ့ပြီး အသင်းမှ ဗဟိုအလုပ်အမှုဆောင်များမှ အားလပ်ချိန်များတွင်ပြခန်းသို့ အလှည့်ကျလာရောက်ခဲ့ကြပြီး လာရောက်လေ့လာကြသော နိုင်ငံတကာ ဧည့်သည်များကို အသင်းနှင့် ပတ်သက်သည့် အချက်အလက်များ ကို ရှင်းလင်းပြသနိုင်ခဲ့ပါသည်။

## နှစ်ပတ်လည်အစည်းအဝေးသို့တက်ရောက်ခြင်း

၂၇။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်သည့်Myanmar Tourism Marketing (MTM)၏ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အကြီးတန်း ဒု-ဥက္ကဌ-၁ ဦးဆန်နီအောင်ခင်မှ တက်ရောက်ခဲ့ပါသည်။

## အာဆီယံဒေသခံနေအိမ်များတွင် တည်းခိုနေထိုင်မှုအဆင့်အတန်းစစ်ဆေးအကဲဖြတ်သူ ဆရာဖြစ်သင်တန်းသို့တက်ရောက်ခြင်း

၂၈။ ၂၀၁၄ ခုနှစ်၊ သြဂုတ်လ (၁၈) ရက်နေ့မှ (၂၀) ရက်နေ့ထိ မလေးရှားနိုင်ငံ၊ Negeri Sembilan ပြည်နယ်၊ Port Dickson မြို့တွင် ကျင်းပပြုလုပ်သည့် အာဆီယံဒေသခံနေအိမ်များတွင် တည်းခိုနေထိုင်မှု အဆင့်အတန်းစစ်ဆေးအကဲဖြတ်သူ ဆရာဖြစ်သင်တန်း (Trainingand Trainers of ASEAN Master Auditors/Assessors for ASEAN Homestay Standard ) နှင့်အာဆီယံခရီးသွားလုပ်ငန်းအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကွန်ယက်(ဧည့်ဝန်ဆောင်မှု)ဆိုင်ရာဆွေးနွေးပွဲ (ASEANTourism Resource Management and Development Network Hospitality Seminar) များကို ဦးဆောင်ညှိနှိုင်းရေးမှူးနိုင်ငံ ( Lead Coordinator) အဖြစ် ဆောင်ရွက်လျှက်ရှိသည့် အဖွဲ့အစည်းမှ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစား သောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ညောင်ရွှေဇုန်) မှ ဥက္ကဌ ဦးမျိုးမင်းဇော်မှ တက်ရောက်ခဲ့ပါသည်။

## ခရီးစဉ်ဒေသနေရာများ ကြည့်ရှုစစ်ဆေးရေးသို့ သွားရောက်ခြင်း

၂၉။ ၂၀၁၄ ခုနှစ်၊ သြဂုတ်လ(၉) နှင့် (၁၀) ရက်နေ့များတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်အတူ ခရီးစဉ်ဒေသနေရာများကြည့်ရှုစစ်ဆေးရန် နှင့် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံနိုင်ရန်အတွက် နေပြည်တော်မှ ကယား ပြည်နယ်၊ လွိုင်ကော်ခရီးစဉ်သို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်း ရေးမှူး ဦးကျော်မြတ်မိုး၊ ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးသကြန်ကျော်တို့မှ ခရီးစဉ် အတွင်း အစားအသောက် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**အခွန်ကောက်ခံမှုစီစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် အသင်းနှင့်တွေ့ဆုံခြင်း**

၃၀။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် အခွန်ကောက်ခံမှုစီစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့မှ စားသောက်ဆိုင်လုပ်ငန်းများနှင့်ပတ်သက်၍ ရသင့်ရထိုက်သော အခွန်များ အပြည့်အဝ ရရှိရေးအတွက် စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ဥက္ကဌ၊ ဒု-ဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး အခွန်နှင့်ပတ်သက်ပြီး စားသောက်ဆိုင်များကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးပါသည်။

**Workshop on Business Management for the Service Industry ( ENMSK 1 & 2 ) သို့ တက်ရောက်ခြင်း**

၃၁။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှ (၅) ရက်နေ့ထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ နှင့် Oversea Human Resource and Industry Development Association (HIDA) တို့မှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးတွင် ပူးပေါင်းဖွင့်လှစ်သည့် The Workshop on Business Management for the Service Industry (ENMSK 1 & 2 ) သို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးသန့်ဇင်ဦး၊ ဦးသကြ်န်ကျော်၊ ဒေါ်နှင်းနှင်းအေး ၊ ဦးခင်မောင်ထွေး (အတွင်းရေးမှူး-ပုဂံဇုန်) နှင့် ဒေါ်ခိုင်ခိုင်တို့မှတက်ရောက်ခဲ့ကြပါသည်။

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂ /၂၀၁၄) ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်ခြင်း**

၃၂။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ(၄) ရက်နေ့၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂/၂၀၁၄) ကြိမ်မြောက် ဒု-သမ္မတနှင့် အစည်းအဝေးတွင် အသင်းအဖွဲ့အလိုက် လိုအပ်သည်များ တင်ပြရန်အတွက် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း မှ ဒု-ဥက္ကဌ -၁ ဦးခင်အောင်ထွန်းမှ တက်ရောက်ခဲ့ပြီး၊ အသင်းနှင့် ပတ်သက်ပြီး ဖွဲ့စည်းခဲ့သည့် အချိန်မှစတင်ပြီး နိုင်ငံတော်ပွဲများတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ အသင်း၏ လုပ်ငန်းစဉ် များနှင့် စားသောက်ဆိုင်များ လက်ရှိ ရင်ဆိုင်ကြုံတွေ့ နေရသော အခက်အခဲများကို နိုင်ငံတော်အနေဖြင့် ကူညီပေးရန်ကိစ္စ စသည်တို့ကို အသင်းကိုယ်စား တင်ပြဆွေးနွေးခဲ့ပါသည်။

**DVB Debate ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ခြင်း**

၃၃။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား DVB Debate မှ **" ဒီမိုကရေစီစနစ်မှာ (Tax) အခွန်နဲ့ (Service) အစိုးရဝန်ဆောင်မှုအကြား ဘယ်လိုစိန်ခေါ်မှုတွေရှိလာမလဲ"** ဆိုသည့် ခေါင်းစဉ်ဖြင့်(၆.၉.၂၀၁၄) ရက်နေ့ နံနက်(၁၀)နာရီမှ (၁၂)နာရီထိ ကျင်းပပြုလုပ်သည့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ

စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ စာရင်းစစ် ဦးပြုံးချို့မှ စားသောက်ဆိုင်ထုကိုယ်စားတက်ရောက် ဆွေးနွေးခဲ့ပါသည်။

**ဂျပန်-မြန်မာ Business Matching သို့ တက်ရောက်ခြင်း**

၃၄။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဖိတ်ကြားချက်အရ ဂျပန်-မြန်မာ Business Matching သို့ဦးပြုံးချို၊ ဒေါ်ချယ်ရီအောင်ခင်၊ဒေါ်နှင်းနှင်းအေး၊ ဒေါ်မိုးသဉ္ဇာဝင်း၊ ဦးအောင်စည်သူစိုး၊ ဦးလှစိုး၊ ဦးကျော်ရွှေနှင့်ဒေါ်မေချစ်စုကျော်တို့မှ တက်ရောက်ခဲ့ပါသည်။

**International Labour Organization အဖွဲ့အစည်းနှင့်MRAနှင့် အစည်းအဝေး**

၃၅။ ၂၀၁၄ ခုနှစ်၊စက်တင်ဘာလ(၁၉)ရက်နေ့တွင်၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ -၁ ဦးခင်အောင်ထွန်း၊ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦးနှင့် International Labour Organization အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး MRA အသင်း၏ ဆောင်ရွက်နေမှုများနှင့် လိုအပ်သည်များ ကိုဆွေးနွေးခဲ့ပါသည်။

**Customer Service Practices" သင်တန်းသို့ အသင်းဝင်ဆိုင်များမှ ဝန်ထမ်းများတက်ရောက်ခြင်း**

၃၆။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့မှ အောက်တိုဘာလ(၁) ရက်နေ့ထိ နံနက်(၉း၃၀) နာရီမှညနေ(၄း၃၀)နာရီထိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI ) ရုံးခန်းတွင် ဂျပန်နိုင်ငံ၊စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန၏ ပင်လယ်ရပ်ခြားကျွမ်းကျင်မှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်နှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ HIDA (ယခင်-AOTS)နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ပူးပေါင်း၍ Training Program on "Customer Service Practices" ဂျပန်နိုင်ငံမှကျွမ်းကျင်ပညာရှင်များမှပို့ချသည့်သင်တန်းသို့ Food Service Industry တွင်လုပ်ကိုင်နေသူများအား high-quality Service ဖြင့် လုပ်ငန်းတိုးတက်အောင်မြင်ရန်ရည်ရွယ်၍ ပို့ချသောသင်တန်းတွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်ဆိုင်များမှ ဝန်ထမ်း(၂၀) ဦးတက်ရောက်ခဲ့ပါသည်။

**Cambodia CAMFOOD/CAM Hotel 2014သို့ တက်ရောက်ခြင်း**

၃၇။ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့ မှ (၈) ရက်နေ့အထိ Cambodia National Hospitality Competition 2014 မှ ဖိတ်ကြားချက်အရ Cambodia နိုင်ငံသို့CAMFOOD/CAMHotel 2014 ပြပွဲသို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ -၄ ဦးနေလင်း နှင့် ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦး တို့မှ တက်ရောက်ခဲ့ကြပြီး ပြပွဲတွင် အစားအသောက်နှင့် ပတ်သက်ပြီး ပြပွဲ၊ ပြိုင်ပွဲများ နှင့်ပတ်သက်ပြီး လေ့လာမှုများပြုလုပ်ခြင်းနှင့် နှစ်ဦးနှစ်ဖက် သဘောတူပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

## Myanmar Bartenders အသင်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်း။

၃၈။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၅) ရက်နေ့၊ စိမ်းလန်းစိုပြည်တွင် Myanmar Bartenders Association (MBA) ဖြစ်မြောက်ရေးအတွက် ဦးထွန်းထွန်းအေး (Johnnie Walker ) ၏ ပံ့ပိုးကူညီပေးမှုဖြင့်၊ Batenders များကိုဖိတ်ကြားခဲ့ပြီး အသင်းဖြစ်မြောက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပါသည်။ ထိုအသင်း ဖြစ်မြောက်ရေးကော်မတီတွင် MRA အသင်းမှအဖွဲ့ဝင်များ၊ ဘားတင်ဒါနည်းပြနှင့် ကျွမ်းကျင်သူများ၊ ဘားတင်ဒါသမားအားများနှင့် ဘားနှင့်ပတ်သက်သော Products Suppliers များပါဝင်ကြပါသည်။ အဆိုပါအခမ်းအနားတွင် Bartendersများမှ သရုပ်ပြခဲ့ကြပြီး၊ ဖြစ်မြောက်ရေးကော်မတီမှ ဦးဆောင်ပြီး အသင်းကြီး ဖြစ်မြောက်လာစေရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## Santo Restaurant System Co.Ltd နှင့် MRA အသင်း နှင့် တွေ့ဆုံခြင်း

၃၉။ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လည်(၁၂)နာရီအချိန်တွင် Little Tokyo Japanese Restaurant တွင် ဂျပန်နိုင်ငံ Osaka မှ Mr. Masahiro Tanaka, Executive Officer and Head of Corporate Planning Divisionနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဂျပန်နိုင်ငံသို့သွားရောက်လေ့လာခဲ့သည့် ကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

## ICEVEX Company Limited (ICVEX) နှင့် Myanmar Event Park (MEP )တွင် ကျင်းပပြုလုပ်မည့် ပြပွဲအတွက် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်း

၄၀။ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ(၂၉) ရက်နေ့တွင် Happy Café & Noodles တွင်မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဌ ဦးဉာဏ်လင်း၊ အကြီးတန်းဒု-ဥက္ကဌများ ဖြစ်ကြသော ဦးဆန်နီအောင်ခင်၊ဒေါ်တင်မာမြင့်နှင့် ဒု-ဥက္ကဌများ နှင့် ဗဟိုအလုပ်အမှုဆောင်များနှင့် ICEVEX Company Limited (ICVEX)မှ Managing Director Ms. Nucharin Paradeevisut နှင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပါ သည်။

## အသင်းဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲနှင့်ဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်ပေးခြင်း

၄၁။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁၈) ရက်နေ့တွင်၊ ညနေ(၃း၃၀)နာရီတွင် စိမ်းလန်းစိုပြည်တွင် အသင်း ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင်အသင်းဝင်များနှင့် လိုအပ်သည်များကိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး၊ ၊ (၁၀)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော Organizing Team, နည်းပြများ နှင့် ဆုရရှိခဲ့သူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား အား ကျင်းပပြုလုပ်ပေးခဲ့ပြီး ဥက္ကဌ၊ ဒု-ဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် များ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**မြန်မာခရီးသွားလုပ်ငန်းဖိုရမ်အတွက် အစည်းအဝေးပြုလုပ်ခြင်း**

၄၂။ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၂၆) ရက်နေ့တွင် နံနက်(၁၀)နာရီတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာခရီးသွားလုပ်ငန်းဖိုရမ်၌ ခင်းကျင်းပြသမည့်ပြခန်း အစီအစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသည့်အစည်းအဝေးသို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အကြီးတန်းဒု-ဥက္ကဋ္ဌ-၂ ဒေါ်တင်မာမြင့် နှင့် တွဲဘက်အတွင်းရေးမှူး-၁ ဒေါ်ဖြူဖြူတင်တို့မှ တက်ရောက်ခဲ့ကြပါသည်။

Philippine Franchise Association**နှင့်အစည်းအဝေးပြုလုပ်ခြင်း**

၄၃။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၂၇) ရက်နေ့၊ နေ့လည်(၁)နာရီအချိန်တွင် Padonmar Restaurant တွင် Philippine Franchise Association မှ Corporate and Social Responsibility and Mr. Sam Christopher Lim – President နှင့် Mr. JakeL.Santos, External Relations and Advocacy နှင့် Mr. Johnny Que, Director နှင့် ဖိလစ်ပိုင်သံရုံးမှ ကိုယ်စားလှယ် (၂) ဦးတို့နှင့် MRA မှ တာဝန်ရှိသူတို့သည် တွေ့ဆုံခဲ့ကြပြီး၊ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြပါသည်။

**Destination Marketing Workshop သို့တက်ရောက်ခဲ့ခြင်း**

၄၄။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့၊ နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းနှင့် International Labour Organization (ILO )တို့မှ ပူးပေါင်း၍ ခရီးစဉ်ဒေသ ဈေးကွက်မြှင့်တင် ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Destination Marketing Workshop)သို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အကြီးတန်းဒု-ဥက္ကဋ္ဌ-၂ ဒေါ်တင်မာမြင့် မှ တက်ရောက်ခဲ့ပါသည်။

**Experience in US and the Challenges Facing Myanmar Entrepreneurs (အမေရိကန်အတွေ့အကြုံနှင့် မြန်မာနိုင်ငံတွင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် Seminar ပြုလုပ်ခြင်း**

၄၅။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၉) ရက်နေ့၊ UMFCCI တွင် နေ့လည်(၂)နာရီမှ (၅း၃၀)နာရီထိ မြန်မာနိုင်ငံတွင် တွေ့ကြုံနေရသော အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးကို ရည်ရွယ်၍ အမေရိကန်နိုင်ငံတွင် Sushi ဆိုင်ခွဲပေါင်း (၈၀၀) ခန့် ဖွင့်လှစ်ထားသော U Philip Maung (President & CEO of Hissho Sushi) မှ "Experiences in US and the Challenges Facing Myanmar Entrepreneurs" (အမေရိကန်အတွေ့အကြုံ နှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသောစိန်ခေါ်မှုများ) ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်ပြီး၊ Panel Discussion တွင် ဦးကျော်ကျော်လှိုင် (SMART Group

of Companies) ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း နှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးတို့မှ ပါဝင်ဆွေးနွေးကြပြီး ၊ နယ်ပယ်ပေါင်းစုံမှ လုပ်ငန်းရှင်များ၊ ကျောင်းသားများနှင့် ဧည့်သည် စုစုပေါင်း(၁၀၀၀) ခန့် တက်ရောက်ခဲ့ကြပါသည်။

**<u>ချင်းပြည်နယ်(ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ မတူပီ)မှ စားသောက်ဆိုင်ပိုင်ရှင်များအား လေ့လာရေးခရီး ဖိတ်ကြားခြင်း</u>**

၄၆။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအနေဖြင့် ချင်းပြည်နယ်ရှိ စားသောက်ဆိုင်များ အဆင့်အတန်း မြင့်မားစေရေး၊ အစားအသောက်အရည်အသွေး ပိုမိုကောင်းမွန်လာစေရေး နှင့် အစားအသောက် ဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်အတွင်းမှ လုပ်ငန်းရှင် အချင်းချင်း ရင်းနှီးမှုရရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဝင် စားသောက်ဆိုင်ကြီးများအား လေ့လာနိုင်ရေးအတွက် ချင်းပြည်နယ်(ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ မတူပီ)မှ စားသောက်ဆိုင်စုစုပေါင်း (၁၄) ဦးကို ဖိတ်ကြားခဲ့ပြီး ၊ အဆိုပါ ဧည့်သည်များ၏ စားသောက်ရေး၊ သွားလာရေး ၊ နေထိုင်ရေးနှင့် ချင်းပြည်နယ်မှ ရန်ကုန်မြို့သွား-ပြန်လမ်းစရိတ်များကို ကုန်ကျခံပြီး (၃)ညအိပ်၊(၄) ရက်ခရီးဖိတ်ကြားခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်ဆိုင်များ၏ Central Kitchen များ၊ အစားအသောက်ပြင်ဆင်ချက်ပြုတ်နည်းအဆင့်ဆင့် နှင့် Menu ပြင်ဆင်ပုံများကိုပါလေ့လာခဲ့ကြပြီး ၊ ပြင်ဆင်ခင်းကျင်းပုံများကို လေ့လာခဲ့ကြပါသည်။ ချင်းပြည်နယ်မှလာရောက်လေ့လာကြသောဧည့်သည်များ အား ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဌ နှင့် တာဝန်ရှိသူများ royal thazin restaurant တွင် ည (၆)နာရီအချိန်တွင် တွေ့ဆုံမိတ်ဆက်ဆွေးနွေးခဲ့ကြပါသည်။

**<u>ကရင်ပြည်နယ် (ဘားအံ၊မြဝတီ၊ဖာပွန်၊ကော့က ရိတ်)မှစားသောက်ဆိုင်ပိုင်ရှင်များအား လေ့လာရေးခရီးစဉ် ဖိတ်ကြားခြင်း</u>**

၄၇။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အနေဖြင့် ကရင်ပြည်နယ်ရှိ စားသောက်ဆိုင်များ အဆင့်အတန်း မြင့်မားစေရေး၊ အစားအသောက်အရည်အသွေး ပိုမို ကောင်းမွန်စေရေးနှင့် အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်အတွင်းမှ လုပ်ငန်းရှင် အချင်းချင်း ရင်းနှီးမှုရရှိပြီး ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကရင်ပြည်နယ်ဒေသကြီးရှိ စားသောက်ဆိုင် လုပ်ငန်းပိုင်ရှင်များအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဝင် စားသောက်ဆိုင်ကြီးများအား လေ့လာနိုင်ရေးအတွက်ကရင်ပြည်နယ် (ဘားအံ၊ မြဝတီ၊ ဖာပွန်၊ ကော့ကရိတ်)တို့မှ စားသောက်ဆိုင် ပိုင်ရှင်များအား အောက်တိုဘာလ(၃၁) ရက်နေ့မှ နိုဝင်ဘာလ (၃)ရက်နေ့ထိ (၃) ညအိပ် (၄)ရက် ခရီးစဉ်အား ဖိတ်ကြားခဲ့ပြီး အဆိုပါဧည့်သည်များ၏ စားသောက်ရေး၊ သွားလာရေး ၊ နေထိုင်ရေးနှင့် ချင်းပြည်နယ်မှ ရန်ကုန်မြို့သွား-ပြန်လမ်းစရိတ်များကို ကုန်ကျခံပြီး

(၃)ညအိပ်၊ (၄) ရက်ခရီး ဖိတ်ကြားခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်ဆိုင်များ၏ Central Kitchen များ၊ အစားအသောက် ပြင်ဆင်ချက်ပြုတ်နည်း အဆင့်ဆင့် နှင့် Menu ပြင်ဆင်ပုံများကိုပါလေ့လာခဲ့ကြပြီး ၊ ပြင်ဆင်ခင်း ကျင်းပုံများကို ပြသခဲ့ကြပါသည်။

## (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အသင်းကြီးမှ အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်း

၄၈။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားများအား အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ တင်ဒါခေါ်ယူခဲ့ရာတွင် ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အနေဖြင့် အခြားကုမ္ပဏီကြီးများနှင့် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရွေးချယ်ခံရပြီး ၊ ရွေးချယ်မခံရမီ မိမိတို့ အသင်းအနေဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပါသည်။

၄၉။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးမှ အစားအသောက်ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်ကို မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ထိုင်းနိုင်ငံ အခြေစိုက် Unilever Food Solutions (UFS) တို့နှင့် နှစ်ဦးနှစ်ဖက် သဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲအား ၂၀၁၃ ခုနှစ်၊ ဧပရယ်လ (၂၄) ရက်နေ့တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဗဟိုမှ ဥက္ကဋ္ဌ ၊ ဒု-ဥက္ကဋ္ဌများနှင့် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအသီးသီးမှ ဥက္ကဋ္ဌများ ၊ အတွင်းရေးမှူးတို့မှ တက်ရောက်ခဲ့ကြပါသည်။

၅၀။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းကြီးမှ အားကစားသမားများအား အစားအသောက်ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် တင်ဒါ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှု ဗဟိုကော်မတီ၊ ချက်ပြုတ်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးကော်မတီ၊ ဧည့်ခံကြိုဆိုရေး၊ ထောက်ပံ့ရေးနှင့် အိပ်ခန်းဆောင်များ ထိန်းသိမ်းရေးကော်မတီ ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ ၊ ပစ္စည်းဝယ်ယူငှားရမ်းရေးကော်မတီ ၊ ဝန်ထမ်းရေးရာ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ စာတိုစာရင်းနှင့် ပစ္စည်းထိန်းသိမ်းရေးကော်မတီ စသည်ဖြင့် ကော်မတီများဖွဲ့စည်းခဲ့ပြီး ၊ ကော်မတီ တစ်ခုချင်းစီအလိုက် ပါဝင်ကြသူများမှ မိမိတို့ကော်မတီအတွက် လိုအပ်သည်များ ပြင်ဆင်တွက်ချက်ပေးခြင်း ၊ Central Kitchen နှင့် Cluster များအလိုက် လိုအပ်သည့်ဝန်ထမ်းများတွက် ချက်ပေးခြင်းနှင့် ပူးပေါင်းကူညီပေးမည့် Nutrition ပညာရှင်များ၊ ကျွမ်းကျင်စာဖိုမှူးများနှင့် food & Beverage

ဝန်ထမ်းများနှင့် နေ့စဉ်အလိုက် အားကစားသမားများအား ကျွေးမွေးမည့် Menu များကို တွက်ချက်ပေးခြင်းများ၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးကော်မတီများမှလည်း ကော်မတီဝင်များမှ Clusters အသီးသီးအတွက် လိုအပ်သည်များ ၊ ဘဏ္ဍာရေး၊ ကျန်းမာနှင့် ပြန်ကြားရေးကော်မတီမှလည်း ဘဏ္ဍာငွေသုံးစွဲမှု၊ ရှာဖွေရေးနှင့် ကျန်းမာရေးအတွက် ဆရာဝန်များနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ စတိုစာရင်းနှင့်ပစ္စည်း ထိန်းသိမ်းရေး ကော်မတီ အနေနှင့်လည်း လိုအပ်သည့် ကုန်ပစ္စည်းလက်ကျန်များကို အချိန်မှီ ဝယ်ယူနိုင်ရေးအတွက် ဝယ်ယူရေးကော်မတီများသို့ တင်ပြပေးနိုင်ရေး လုပ်ငန်းအဆင့်ဆင့်များ အတွက် ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ ပစ္စည်းဝယ်ယူဌာနရှမ်းရေးနှင့် သယ်ယူပို့ဆောင်ရေးကော်မတီမှလည်း လိုအပ်သည့် ပစ္စည်းများကို လိုအပ်သည့်အချိန်တွင် အလွယ်တကူ သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ရရှိနိုင်စေရေးနှင့် Central Kitchen နှင့် Clustersများသို့ အချိန်မှီပေးပို့နိုင်ရေးအတွက် ပြင်ဆင်ထားသည့်ပုံအဆင့်ဆင့် နှင့် ကော်မတီတစ်ခုချင်းဆီအလိုက် လိုအပ်သည့်ကိစ္စအဝဝကို ကော်မတီဝင်များ၏ ပူးပေါင်းကူညီပေးမှုများဖြင့် 27th SEA Games 2013 တွင် မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ အားကစားသမားများ အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၊ အသင်းကြီးမှ လုပ်ငန်း ဆောင်ရွက်ခွင့်တင်ဒါအား ထိုက်ထိုက်တန်တန် ရရှိခဲ့ပါသည်။

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ(၁၃) ရက်နေ့မှ စတင်ပြီး ပြိုင်ပွဲမတိုင်မီ ကာလများနှင့် ပြိုင်ပွဲကာလများအထိ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနရုံး၊ နေပြည်တော်တွင်လည်းကောင်း၊ အားကစားဝန်ကြီးဌာနရုံးတွင် လည်းကောင်း၊ နေပြည်တော် အားကစားကျေးရွာတွင် လည်းကောင်း အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးများတွင်လည်း ဗဟိုကော်မတီနှင့် ကော်မတီအသီးသီးမှ အဖွဲ့ဝင်များမှ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေး မွေးရေး ဆောင်ရွက်ရန်အတွက် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁၁) ရက်နေ့တွင် လုပ်ငန်းဆောင်ရွက်ခွင့်ပေး သည့်ဘက်မှ ဦးအောင်ဇော်ဝင်း(ညွှန်ကြားရေးမှူးချုပ်) နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း တို့မှ ကိုယ်စားပြု လက်မှတ်ရေးထိုးခဲ့ကြပြီး ၊ အသိသက်သေများ အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဟန်ထွန်းနှင့် မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဌ-၄ ဦးနေလင်း တို့မှ ဆောင်ရွက်ပေးခဲ့ကြပါသည်။

အားကစားဝန်ကြီးဌာန (MOS) နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) တို့၏ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားများအတွက် အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁၄) ရက်နေ့တွင် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်အား အားကစားဝန်ကြီးဌာနမှ ကိုယ်စားပြုသော ဦးကျော်ဦး နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားပြုသော အကြီးတန်းဒု-ဥက္ကဋ္ဌ-၂ ဒေါ်တင်မာမြင့် တို့မှ လက်မှတ်ရေးထိုးခဲ့ကြပြီး အသိသက်သေများအနေဖြင့် အားကစားဝန်ကြီးဌာနမှ ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ-၃ ဦးအေးကြည်တို့မှ ဆောင်ရွက်ပေးခဲ့ကြပါသည်။

(၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဖွင့်ပွဲအခမ်းအနားတွင် ဝင်ရောက်ပါဝင်ချီတက်မည့် နိုင်ငံ(၁၁) နိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမား(၂၄၀၀)အတွက် Organization to Promote Japanese Restaurants Abroad (JRO) နှင့် Myanmar Restaurant Association (MRA) မှ ဂျပန်အစားအစာများပါဝင်သော Package (2400) အားလွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ပါသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးမှ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားအား အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းကြီးနှင့်အတူ ပူးပေါင်း ပါဝင်ကူညီပေးသော Sponsors ရှင်များဖြစ်ကြသော MAMA Noodles,YKKO Group of Companies Limited, Golden Duck Group, Ayeyar Rice, The Hotel & Tharabar Gate, Super One, Airport Garden, 100 Plus, Surapon Foods, Star Resources, Orkide, ASKA Power Generation, Pathein Thar တို့နှင့် သဘောတူ လက်မှတ်ရေးထိုးပွဲကို စိမ်းလန်းစိုပြည် စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့ပြီး Sponsors ရှင်များနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ကိုယ်စားပြုသော ဒု-ဥက္ကဋ္ဌ-၁ ဦးခင်အောင်ထွန်းတို့သည် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုကြသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အစားအသောက်ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ရာ Central Kitchen သို့ Unilever Co.Ltd အဖွဲ့မှ Mr.Prasith Prechachalieo (MD)နှင့် Nutrition ပညာရှင်များ ၊ ထိုင်းနိုင်ငံမှ သတင်းအဖွဲ့များပါဝင်သော အဖွဲ့ဝင်(၂၅) ဦးတို့သည် အားကစားကျေးရွာသို့ Central Kitchen တွင် ဆောင်ရွက်ချက်များအား လေ့လာခြင်း ၊ အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခြင်းများနှင့် အားကစားရွာအတွင်းရှိ ထိုင်းနိုင်ငံမှ အားကစားသမားများ နေထိုင်ရာ Cluster များသို့ လာရောက်လေ့လာခဲ့ကြပါသည်။ ဂျပန်နိုင်ငံ Japanese Restaurant Organization (JRO)မှ ပေးပို့သော ဂျပန်အစားအစာများ လှူဒါန်းပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ JRO မှ ဥက္ကဋ္ဌ Mr. Kazutaka Kato တို့မှ တက်ရောက်ကြပြီး၊ နေပြည်တော်၊ အားကစားရွာရှိ Social Zone တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအားကစားသမားများ၊ အုပ်ချုပ်သူနည်းပြများ၊ ကူညီပေးကြသူများ အားလုံးအတွက် ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ ညနေ(၁၈) နာရီမှ (၂၁) နာရီအချိန်ထိ ဂျပန်အစားအစားဖြစ်သော Gyoza ( ဂျပန်ဖက်ထုပ်ကြော်) နှင့် အအေးကို ဧည့်ခံကျွေးမွေးခဲ့ပြီး ၊ အားကစားသမားများနှင့် ဝန်ထမ်းများ ချစ်ကြည် ရင်းနှီးပျော်ရွှင်စေရန်နှင့် တိုင်းရင်းသား ရိုးရာအကများ၊ မြန်မာအက၊ အနောက်တိုင်းဂီတများဖြင့် အာဆီယံနိုင်ငံများမှ အားကစားသမားများနှင့် ကူညီဆောင်ရွက်ပေးခဲ့သော ဝန်ထမ်းများ၊ Volunteersများကို ပျော်ရွှင်မှုများ ရရှိခဲ့ကြပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ၊ နေပြည်တော်အားကစားရွာတွင် ၊(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသော နိုင်ငံအလိုက် အားကစားအဖွဲ့မှ ခေါင်းဆောင်များကို ဂုဏ်ပြု တည်းခင်းဧည့်ခံသော(Myanmar Night) အခမ်းအနားတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ မြန်မာရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေး ခဲ့ပါသည်။ အဆိုပါပွဲတွင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုများ၊ မြန်မာရိုးရာအကများ၊ ပုဂံရိုးရာဝတ် အမျိုးသမီးများ၊ မြန်မာ့သနပ်ခါးများ၊ မြန်မာရိုးရာ အိုးစည်၊ ဗုံးပတ်များဖြင့် ဖျော်ဖြေခဲ့ကြပြီး အာဆီယံနိုင်ငံများမှ အားကစားအဖွဲ့ ခေါင်းဆောင်များနှင့် အားကစားသမား များမှ စိတ်ဝင်စားစွာ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပါသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးမှ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားအား အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်း ဆောင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းကြီးမှ ဗဟိုအလုပ်အမှုဆောင်များသည် မိမိတို့ တာဝန်ကျရာကော်မတီအလိုက် ကဏ္ဍအသီးသီးမှ အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ပြီး၊ အဆိုပါကာလများအတွင်း တွင်လည်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင်သည် နေ့စဉ် အားကစားရွာရှိ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း ရုံးတည်ရှိသည့်ရုံးခန်းနှင့် Central Kitchen သို့ နေ့စဉ် လာရောက်ကြည့်ရှု မှာကြားမှုများပြုလုပ်ခြင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းမှလည်း အခါအားလျော်စွာ လာရောက်ကြည့်ရှုပေးခြင်း နှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းမှလည်း Central Kitchen သို့လာရောက်ပြီး လိုအပ်သည်များကို ညွှန်ကြားမှုများကို ပြုလုပ်ပေးခဲ့ပါသည်။

## <u>ပြည်ထောင်စုသမ္မတနိုင်ငံတော်မှဂုဏ်ပြုလက်မှတ်များချီးမြှင့်ခြင်း</u>

၅၁။ နိုင်ငံတော်သမ္မတ မှ 27th SEA Games 2013 ကြီးအား အဖက်ဖက်မှ အဆင်ပြေအောင်မြင်စွာ ပြီးဆုံးနိုင်ရေးအတွက်ကူညီပေးခဲ့သူများအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းအား ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင် များအသင်းမှ ဒု-ဥက္ကဌ -၁ ဦးခင်အောင်ထွန်း၊ ဒု-ဥက္ကဌ-၄ ဦးနေလင်းနှင့် တွဲဘက်အတွင်းရေးမှူး-၂

ဒေါက်တာနေဇော်အောင် တို့မှ တက်ရောက်ခဲ့ကြပြီး နိုင်ငံတော် သမ္မတမှချီးမြှင့်သည့် ဂုဏ်ပြုလက်မှတ်ကို လက်ခံရရှိခဲ့ပါသည်။

၅၂။ 27th SEA Games 2013 ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် စေသနာထက်သန်စွာပါဝင်လှူဒါန်းပါသဖြင့် 27th SEA Games 2013 ဖွင့်ပွဲ၊ ပိတ်ပွဲကော်မတီမှ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား ဖိတ်ကြားချက်အရ ဂုဏ်ပြုပွဲအခမ်းအနားသို့ ဥက္ကဋ္ဌ နှင့်ဒု-ဥက္ကဋ္ဌများ၊အထွေထွေအတွင်းရေးမှူး၊ ပြည်နယ်တိုင်းဒေသကြီးများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့မှ တက်ရောက်ခဲ့ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူမှ ချီးမြှင့်သည့်ဂုဏ်ပြုလက်မှတ်ကို လက်ခံရရှိပါသည်။

## (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် အားကစားသမားများအား အစားအသောက်ဧည့်ခံကျွေးမွေးရေးနှင့်အိပ်ခန်းဆောင်ထိန်းသိမ်းရေးကိုဆောင်ရွက်ခဲ့ခြင်း

၅၃။ (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ပြိုင်ပွဲဝင် မြန်မာအားကစားသမားများနှင့် နိုင်ငံခြားအားကစားသမားများအား အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် နှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း (MRA)တို့၏ (၇) ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအား တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်အား နေပြည်တော်၊ အားကစားရွာရှိ Mayor ရုံးတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း နှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှကိုယ်စားပြုသောဦးခင်အောင်ထွန်း(ဒု-ဥက္ကဋ္ဌ-၁)တို့မှ လက်မှတ်ရေးထိုးခဲ့ကြပြီး၊အသိသက်သေများအဖြစ်ဦးအောင်မြင်ထွန်းနှင့်ဦးကျော်မြတ်မိုးတို့မှဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အားကစားရွာတွင် (၇) ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် CDM များအား ဂုဏ်ပြုညစာစားပွဲအား (၁၉.၁.၂၀၁၄ ) ရက်နေ့တွင်ကျင်းပပြုလုပ်ခဲပြီး အာဆီယံနိုင်ငံများမှ အားကစားသမားများ၊ ခေါင်းဆောင်များနှင့် အားကစားသမားများအတွက် Kyah Oh များကို စတုတိဒါ ကျွေးမွေးခဲ့ပြီး ၊ ဂီတ၊ အကများဖြင့် ဧည့်ခံခဲ့ပါသည်။

(၁၄-၁-၂၀၁၄ ) ရက်မှ (၂၀-၁-၂၀၁၄) ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော7th ASEAN PARA GAMES 2014 အာဆီယံ မသန်းစွမ်းသူများ အားကစားပြိုင်ပွဲကြီးသို့ ပြိုင်ပွဲဝင် အားကစားသမားများအား

တည်းခိုနေထိုင်ရေးနှင့် အစားအသောက် အဆင်ပြေစေရေးအတွက် နိုင်ငံချစ်စိတ်ဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းအားထုတ်ကြိုးပမ်းပါဝင်ခဲ့သည့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဒုတိယသမ္မတ မှ ဂုဏ်ပြု ညစားစားပွဲ အခမ်းအနားသို့ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ-၄ ဦးနေလင်း၊ တွဲဘက်အတွင်းရေးမှူး-၁ ဒေါ်ဖြူဖြူတင်၊ တိုင်းဒေသကြီးများမှ ဥက္ကဋ္ဌများဖြစ်ကြသော ပုဂံဇုန်မှ ဦးတင့်ဆွေ၊ တောင်ကြီးဇုန်မှ ဦးအောင်အောင်၊ နေပြည်တော်ဇုန်မှ အတွင်းရေးမှူး ဦးစိုင်းထွန်းဦးတို့မှ တက်ရောက်ခဲ့ကြပါသည်။

အသင်းမှ အားကစားသမားများအား အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့်အတူ ပူးပေါင်း ကူညီပေးကြသော ဝန်းထမ်းများနှင့် Volunteers များအတွက်(၂၁.၁.၂၀၁၄) ရက်နေ့နှင့် (၂၂.၁.၂၀၁၄) ရက်နေ့တွင် နေပြည်တော်ရှိ တိရိစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်နှင့် နေပြည်တော်ရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးမှ အားကစားသမားများအား အစားအသောက်ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ရာတွင် အသင်းကြီးနှင့်အတူ ပူးပေါင်းပါဝင်ကူညီပေးခဲ့ကြသော ဗဟိုအလုပ်အမှုဆောင်များနှင့် Volunteers များအတွက် Certificate ချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို (၁၄.၂.၂၀၁၄) ရက်နေ့တွင် Sedona Hotel တွင်ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် အားကစားကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့မှ တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါသည်။

**<u>အသင်းကြီးမှလှူဒါန်းခြင်းများ</u>**

၅၄။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးမှ ၂၀.၂.၂၀၁၄ ရက်နေ့တွင် ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊ ဆည်းဆာရိပ် ဂီလာနဘိုးဘွား ရိပ်သာများ၊ သုခရိပ်မြုံလူမှုထောက်ပံ့ရေး၊ သဗ္ဗညုတကျောက်ရေတွင်းသီလရှင်ကျောင်း၊ မေတ္တာရှင် ပရဟိတမိဘမဲ့ဂေဟာ၊ ပါရမီဖြည့်ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် Deep Freezer များ ၊ နယူးဇီလန်နွားနို့ဘူး၊ ဖျော်ရည်ဘူးစားသောက်ကုန်များကို သွားရောက်လှူဒါန်း ခဲ့ပါသည်။

၅၅။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးအတူ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အခြားအလှူရှင်များမှ ဝိုင်းဝန်းလှူဒါန်းကြသော ဆန်အိတ်ပေါင်း (၄၂၀)လုံး၊ Lunch Boxes ပေါင်း (၂၃၅၀) နှင့်အခြားဆေးဝါးနှင့် ကျပ်သိန်းငါးဆယ်ခန့် တန်ဘိုးရှိသော

အသုံးအဆောင်ပစ္စည်းများကို ရေးဘေးကြုံတွေ့ရသော ပဲခူးတိုင်း ဒေသကြီးနှင့် လှည်းကူးမြို့နယ်တို့ရှိ ပဲခူး၊ ဖိုင်းတောင်၊ သနပ်ပင်၊ တာဝ၊ သုံးခွ၊ ဘားလား၊ ငွေနံ့သာ၊ ဂျုံးဂျုံးကျ စသည့် ကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြပါသည်။

၅၆။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၄) ရက်နေ့တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် မှ ကျင်းပပြုလုပ်သည့် ဝါဆိုသင်္ကန်းကပ် အလှူငွေအတွက် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်း(ဗဟို)မှ အလှူငွေကျပ် သုံးသိန်းတိတိ(၃၀၀၀၀၀) ကို လှူဒါန်းခဲ့ပါသည်။

## International Gastronomy Festival Hue-2014 (Vietnan ) ပွဲတော်သို့တက်ရောက်ခဲ့ခြင်း။

၅၇။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု ၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဗီယက်နမ်နိုင်ငံအစားအစားပွဲတော် Taste of the World ပွဲတော်သို့ ပါဝင်ဆင်နွှဲရန် ဖိတ်ကြားချက်အရ (၁၅-၄-၂၀၁၄) မှ (၁၉-၄-၂၀၁၄) ရက်နေ့ထိ ဗီယက်နမ်နိုင်ငံ၊ Hueမြို့တွင် ကျင်းပခဲ့သည့် ပွဲတော်တွင်၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှခေါင်းဆောင်များအဖြစ် ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း ၊ ဦးပြည့်ဝေဖြိုး (တွဲဖက်အတွင်းရေးမှူး-၄) ၊ ဦးစိုးညီညီ (ဗဟိုအလုပ်အမှုဆောင်) တို့နှင့် စာဖိုမှူးများဖြစ်ကြသော မခင်သိုက်ထွေး၊ ကိုဇော်၊ မသင်းသင်းရွှေ၊ မငုဝါကျော်တို့မှ တက်ရောက်ခဲ့ကြပြီး ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ မြန်မာ့ရိုးရာ ချက်ပြုတ်နည်းများ ပြသခဲ့ပြီး ၊ မြန်မာအစာအစားများ ရောင်းချခဲ့ရာတွင် လူကြိုက်အများဆုံးဖြစ်ခဲ့ပါသည်။ ထို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့များကိုလည်း ဖေါ်ထုတ်ပြသနိုင်ခဲ့ပြီး အာဆီယံမိတ်ဆွေနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများစွာ ရရှိခဲ့ပါသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့အား ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းများကိုလည်း လက်ခံရရှိခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးခင်မောင်စိုး(ဒုတိယညွှန်ကြားရေးမှူး) ချက်ပြုတ်ပြသခဲ့ပြီး မြန်မာ အစားအသောက်များဖြစ်ကြသော စစ်ကိုင်းထမင်းဆီဆမ်း၊ ကြက်ကြော်နှင့် အမဲကြော်၊ နန်းပြားသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ ငါးနီတူခြောက်ကြော်၊ ငပိကြော်၊ လ္ဘက်သုပ်၊ ထန်းလျက် ၊မကျီးဖလိတ်၊ မြေပဲယို၊ နမ်းပျစ်နှင့် မြန်မာသနပ်ခါးများကိုပြသခဲ့ကြပြီး ၊ Myanmar Booth တွင် ဧည့်သည်များနှင့် အထူးစည်ကားပြီး နိုင်ငံတကာမှဧည့်သည်များမှ မြန်မာအစားအစာများနှင့် မြန်မာ့သနပ်ခါးကို အထူးစိတ်ဝင်စားကြည့်ရှုကြပြီး ၊ Winning Encouragement Prize of Special Dish In International Gastronomy Festival Hue-2014 ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ကြပါသည်။

## International Gastronomy Festival Hue-2014 (Vietnam ) ပွဲတော်တွင် ဆုရရှိခဲ့သူများအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဂုဏ်ပြုပွဲကျင်းပပြုလုပ်ပေးခြင်း။

၅၈။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဗီယက်နမ်နိုင်ငံ၊ ဟူးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် International Gastronomy Festival Hue-2014 (Vietnam - Taste of the

World ) ပွဲတော်တွင် Winning Encouragement Prize of Special Dish International Gastronomy Festival Hue-2014ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါသဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် နှင့် တာဝန်ရှိလူကြီးမင်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးတို့မှ ဂုဏ်ပြုလက်မှတ်များဖြင့် ချီးမြှင့်ခဲ့ကြပါသည်။

## ပထမအကြိမ်မြောက်ဘားတင်ဒါပြိုင်ပွဲပြုလုပ်ခြင်း(1st MyanmarBartender Competition 2014)

**၅၉။** **1st Myanmar Bartenders Championship's 2014**ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝန်း အတွင်းရှိ DJ's Barတွင် ၂၀၁၄ ခုနှစ်၊ဇွန်လ(၃) ရက်နေ့နှင့် (၄) ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ကြီးကျယ်ခမ်းနားမှုအရှိဆုံး ဟိုတယ်များ ၊ Bar များမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ယှဉ်ပြိုင်မှု အများဆုံးပွဲကြီးတစ်ခုလည်း ဖြစ်ပါသည်။ ဤပွဲကို မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ယူ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ကုန်ကြမ်းပစ္စည်း အသုံးအဆောင်များနှင့် နည်းပညာဆိုင်ရာများအတွက် Quato Product နှင့် Monin Syrup တို့မှ ပံ့ပိုးကူညီပြီး Venue Sponsor အဖြစ် DJ Bar, Diamond Sponsor အဖြစ် Johnnie Walker တို့မှ အဓိက ပံ့ပိုးကူညီပေးခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် မလေးရှားနိုင်ငံ၊ ကူချင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ASEAN Tourism Forum 2014 တွင်ပြုလုပ်သည့် ASEAN Hotel & Restaurant Association ( AHRA) အစည်းအဝေးတွင် ၂၀၁၄ ခုနှစ်မှ စတင်ပြုလုပ်ခဲ့သော AHRA Bartender ပြိုင်ပွဲအား ASEAN နိုင်ငံများတွင် အလှည့်ကျကျင်းပလျှက်ရှိပြီး ၊ ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျှက်ရှိရာ 11th AHRA/ASEAN Bartender Championship 2014 ပြိုင်ပွဲအား မြန်မာနိုင်ငံ အနေဖြင့် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။11th AHRA / ASEAN Bartender Championship 2014 ပြိုင်ပွဲအား လက်ခံကျင်းပပြုလုပ်ရန် ဆွေးနွေးသဘောတူစီစဉ်ခဲ့ပြီး ၊ အဆိုပါ ASEAN ပြိုင်ပွဲတွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အနေဖြင့် အာဆီယံပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု အရည်အချင်းပြည့်မီသော မြန်မာ Bartender သမားများနှင့် ပါဝင်ယှဉ်နိုင်ရန် ရည်ရွယ်ပြီး 11th AHRA / ASEAN Bartender Championship 2014 ပြိုင်ပွဲမတိုင်မီ 1st Myanmar Bartender Competition 2014 ပြိုင်ပွဲအား ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ၊ (၃.၆.၂၀၁၄)၊ ရက်နေ့တွင် (၁၈) ဦး၊ (၄.၆.၂၀၁၄)ရက်နေ့တွင် (၁၈) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၊ အဆိုပါ(၃၆) ဦးအနက်မှ Championship ဆုကို မောင်ကျော်ဇင်ထွန်း @ Kelvin မှလည်းကောင်း၊ 1st Runner Up ဆုကို မပြုံးသော်တာဘုန်းမှ လည်းကောင်း၊ 2nd Runner Up ဆုကို မောင်ဖြိုးညီညီအောင်(ခ) Leo Phyo စသည်တို့မှ ဆုတံဆိပ်များကို

ဆွတ်ခူးနိုင်ခဲ့ပြီး ၊Bartenders ကောင်းများကိုမွေးထုတ်ပေးနိုင်ခဲ့ပြီး၊ Best Performance of the Flair Award ဆုကို မောင်ကျော်ဇင်ထွန်း @ Kelvin မှလည်းကောင်း၊ Creativity Award ကို မဖွန်ဖူးဝေတို့ကိုလည်းမွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပြိုင်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးကြည်သိန်းကိုနှင့် တာဝန်ရှိသူများမှ တက်ရောက် ချီးမြှင့်ခဲ့ကြပါသည်။

11th AHRA Bartenders' Championship 2014 ပြိုင်ပွဲကြီးကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ-

၁။ မြန်မာခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ASEAN ပြိုင်ပွဲများကိုလက်ခံ ကျင်းပပေးခြင်းဖြင့် ဆောင်ရွက်ရန်။

၂။ အာဆီယံနိုင်ငံအသီးသီးရှိ Professional Bartender များနှင့် ပြိုင်ပွဲများတွင် နစ်စဉ်တွေ့ဆုံ၍ ရင်းနှီး ချစ်ကြည်မှု နှင့် အတူ အရည်အသွေးများပိုမိုတိုးတက်လာစေရန်။

၃။ ASEAN နိုင်ငံများမှ Bartender သမားများ၏ အရည်အချင်းပိုမိုမြင့်တက်လာစေခြင်းဖြင့် ASEAN ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းများ အဆင့်အတန်း ပိုမိုမြင့်မား လာစေရန်။

၄။ အာရှနှင့်ကမ္ဘာ့အဆင့်မီ Bartender သမားများ မွေးထုတ်ပေးရန်နှင့် ASEAN Tourism Industry ၏ အရေးပါသော အခန်းကဏ္ဍတွင် အပါအဝင်ဖြစ်သော Bartender သမားများနှင့်အတူတကွ လက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ASEAN ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုး ကူညီဆောင်ရွက်သွားရန် ဖြစ်ပါသည်

## (၁၁)ကြိမ်မြောက်အာဆီယံဘားတင်ဒါချန်ပီယံပြိုင်ပွဲ (11th AHRA Bartenders' Championship 2014)

၆၀။ 11th AHRA Bartenders'Championship 2014 ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ Myanmar Convention Centre (MCC) တွင်၂၀၁၄ခုနှစ်၊ ဇွန်လ(၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသည် အာဆီယံနိုင်ငံအဆင့်ပြိုင်ပွဲအဖြစ် ပြည်တွင်း၌ ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြသော ပြိုင်ပွဲဝင်များအနေဖြင့်လည်း ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရသော ပြိုင်ပွဲကြီးတစ်ခုလည်း ဖြစ်ပါသည် ဤပွဲကို ၂၀၁၄ခုနှစ်၊ ဇွန်လ (၁၈၊၁၉၊၂၀)ရက်များတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC ) ၌ Bangkok Exhibition Service မှစီစဉ်ကျင်းပသော Food & Hotel Myanmar 2014 ကုန်စည်ပြပွဲကြီးတွင် ASEAN Hotel and Restaurant Association (AHRA) မှ ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း မှ တာဝန်ယူ၍ ဤ 11th

AHRA Bartender's Championship 2014 ကို အိမ်ရှင်အဖြစ် လက်ခံစီစဉ်ကျင်းပခြင်းဖြစ်သည်။ ဤပွဲကြီးတွင် Main Sponsor အဖြစ် Johnnie Walker မှအဓိကကူညီပံ့ပိုးပေးပြီး Co-Sponsor များအဖြစ် MAMA Noodles၊ Quarto Products၊ Central Hotel ၊ Panorama Hotel ၊ Adventure Myanmar Travels & Tours ၊Shooting Star Travels & Tours နှင့် Media Sponsor အဖြစ် Sky Net တို့မှပံ့ပိုးကူညီပေးပါသည်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အနေဖြင့် အာဆီယံပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအရည်အချင်းပြည့်မီသော မြန်မာ Bartender များနှင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ၊ ဖွန်လ (၁၄) ရက်နေ့တွင်ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ DJ's Bar တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးခဲ့သော 1st Myanmar Bartenders' Competition 2014 ပြိုင်ပွဲကြီး ကြိုတင်၍ စီစဉ်ကျင်းပခဲ့ပြီး ထိုပွဲမှ ပထမ ၊ ဒုတိယ ရရှိခဲ့သောသူများအား မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် Bartender များအဖြစ် စီစစ်ရွေးချယ်ပေးခဲ့ပါသည်။ အာဆီယံနိုင်ငံများဖြစ်ကြသော စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံတို့မှ ပြိုင်ပွဲဝင်များမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Championship ဆုကို မြန်မာနိုင်ငံမှ မောင်ကျော်ဇင်ထွန်း(ခ) Kelvin မှလည်းကောင်း ၊ 1st Runner Up ဆုကို ထိုင်းနိုင်ငံမှလည်းကောင်း၊ 2nd Runner Up ဆုကို မောင်ဖြိုးညီညီအောင် (ခ) Leo Phyo မှလည်းကောင်း အသီးသီး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးကြည်သိန်းကိုနှင့် တာဝန်ရှိသူများမှ တက်ရောက်ချီးမြှင့်ခဲ့ကြပါသည်။

နောင်နှစ်များတွင်လည်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအနေဖြင့် နိုင်ငံတကာအဆင့်မီ Bartender များပေါ်ထွက်လာစေရေးနှင့် နိုင်ငံတကာ Bartender ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်၍ အောင်မြင်မှုများ ဆွတ်ခူးရယူနိုင်စေရေးအတွက် ရည်ရွယ်၍ Bartender Competition များကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

## 23rd Asia Pacific Bartenders of the Cocktail Competition 2014 သို့တက်ရောက်ခဲ့ခြင်း

၆၁။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှကြီးမှူးကျင်းပခဲ့သည့် 11th AHRA ASEAN Bartenders Championship 2014 တွင် Champion ဆုနှင့် 1st Runner Up ရရှိခဲ့သူ (၂) ဦးအား စင်္ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်မည့် 23rd Asia Pacific Bartenders of the Cocktail Competition 2014 သို့သွားရောက်ယှဉ်ပြိုင်ရာတွင် ကူညီပံ့ပိုးပေးခဲ့ကြသည့် Johnnie Walker, HMH Distributions & Monin, Golden Myanmar Airlines နှင့် Zaw Gyi Mart တို့နှင့် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပွဲနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်

များ၊ သတင်းနှင့်စာနယ်ဇင်း နယ်ပယ်မှ မိတ်ဆွေများ၊ ကူညီပံ့ပိုးပေးခဲ့ကြသော Sponsor ရှင်များ တက်ရောက်ခဲ့ကြပါသည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့မှ (၁၃) ရက်နေ့ထိ ၊ စင်္ကာပူနိုင်ငံရှိ Association of Bartenders & Sommeliers Singapore မှ ကြီးမှူးကျင်းပသည့် 23rd Asia Pacific Cocktail Competition 2014 သို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ အဖွဲ့ခေါင်းဆောင်အဖြစ် ဒု-ဥက္ကဌ-၁ ဦးခင်အောင်ထွန်း နှင့် ဒုတိယအဖွဲ့ခေါင်းဆောင် အဖြစ် ညောင်ရွှေဇုန် အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်နှင်းနှင်းအေးနှင့်အတူ Bartenders (၂) ဦးတို့မှ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ကြပါသည် ။

## (၁၀) ကြိမ်မြောက်အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၄ အတွက် ကြိုတင်ပြင်ဆင်ခဲ့သည့်များနှင့်သွားရောက်ယှဉ်ပြိုင်ခဲ့ ခြင်း။

၆၂။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် စားသောက်ဆိုင် ဝန်ဆောင်ခြင်းကျွမ်းကျင်မှုနှင့် အစားအစာချက်ပြုတ်မှု ကျွမ်းကျင်မှုပြိုင်ပွဲများအား (၁၀) ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ၂၀၁၄ အကြိုပြိုင်ပွဲများအဖြစ် ဇူလိုင်လ (၁၀၊၁၁) ရက်နေ့များတွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြိုင်ပွဲများတွင် ကျွမ်းကျင်ပညာရှင်စုစုပေါင်း (၉)ဦး နှင့် အသက်(၂၂)နှစ်အောက်ပြိုင်ပွဲဝင်သူ(၉)ဦး စုစုပေါင်း (၁၈)ဦးအား ပဏာမရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ပြီး ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အောင်မြင်သူများသည် အောက်တိုဘာလ (၁၉) ရက်မှ (၂၉) ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့တွင် ကျင်းပပြုလုပ်သည့် (၁၀)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ၂၀၁၄သို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံလုပ်သားများ "စံ"သတ်မှတ် ပြဌာန်းရေးအဖွဲ့မှ စရိတ်အကုန်အကျခံခဲ့ပါသည်။

ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများတွင် စားသောက်ဆိုင်ဝန်ဆောင်မှု (Restaurant Service) နှင့် အချက်အပြုတ်ကျွမ်းကျင်သူမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကျွမ်းကျင်ပညာရှင်များအတွက် အနဲဆုံးလုပ်သက် (၁၀)နှစ်နှင့်အထက်ရှိပြီး သင်ကြားရေးအတွေ့အကြုံရှိသူ၊ ပြိုင်ပွဲဝင်မည့်သူများအတွက် အသက် (၂၂) နှစ်အောက် လုပ်သက်အသင့်အတင့်ရှိသူ(သို့) သက်ဆိုင်ရာ သင်တန်းဆင်းထားသူများကို ခေါ်ယူခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ လုပ်ငန်းများအလိုက်ကျွမ်းကျင်မှုဆိုင်ရာပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းအသီးသီးမှ လိုအပ်လျှက်ရှိသော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းကျွမ်းကျင်သူများ ရရှိအောင်ဆောင်ရွက်ရာတွင် ပြည်သူလူထုအများစု ပူးပေါင်းပါဝင်လာစေရန်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်ဆရာများနှင့် လူငယ်များတိုးပွားရရှိလာစေရန်စသည့် အခြေအနေများကို အချိန်တိုအတွင်း အကောင်အထည် ပေါ်လာနိုင်မည်ဖြစ်ပါသည်။

၂၀၁၄ခုနှစ် ၊အောက်တိုဘာလ (၁၉) ရက်နေ့မှ (၂၉) ရက်နေ့ထိ ၊ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင်ကျင်းပပြုမည့် 10th ASEAN Skills Competition 2014သို့ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ Cooking Skills နှင့် Restaurant Service Skills အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ၊ ပြိုင်ပွဲကျင်းပရေးကော်မတီများ ၊ ကျွမ်းကျင်ပညာရှင်များနှင့် သတင်းနှင့်စာနယ်ဇင်းနယ်ပယ်မှမိတ်ဆွေများတက်ရောက်ခဲ့ပါသည်။

အဆိုပါပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်မည့်Cooking Skills and Restaurant Service Skills အတွက် ပဏာမရွေးချယ်ထားသည့် ပြိုင်ပွဲဝင်များမှDemonstration ပြုလုပ်ခြင်းဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲအတွက် Cooking Skills အတွက် (၃) ဦး နှင့် Restaurant Service Skills အတွက်ပြိုင်ပွဲဝင် (၄) ဦးတို့ကို ပဏာမရွေးချယ်ထားပါသည်။ Restaurant Service Skills သင်တန်းကို (၂၂.၇.၁၄) ရက်နေ့မှစတင်ပြီး အင်းလျားလမ်းရှိ Royal Thazin Restaurant တွင် ကျွမ်းကျင်ပညာရှင်များမှ တစ်ပတ်လျှင် (၄) ရက်သင်တန်းပို့ချပေးခဲ့ပါသည်။ Servcie Skills အတွက် ဆရာဦးသိန်းတန်@ Adman မှ ဦးဆောင်၍တာဝန်ယူပို့ချပေးပြီး ၊ Assistant များအဖြစ် ဦးထွန်းဝင်းလှိုင်@ William နှင့် ဦးထွန်းမင်းအောင်တို့မှ Fine Dining Service များနှင့်အခြေခံခင်းကျင်နည်းများကို နိုင်ငံတကာအဆင့်မှီ ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းနှင့်အညီစနစ်တကျသင်ကြားပို့ချခဲ့ပါသည်။ နိုင်ငံတကာကျွေးမွေးပုံနည်းစနစ်များ လက်တွေ့လေ့လာနိုင်ရန် 5 Stars အဆင့် ဟိုတယ်များသို့ On Job Training ဆင်းရန် စီစဉ်ထားပြီး ၊ အဆိုပါဟိုတယ်ကြီးများမှ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များမှလည်း လာရောက်ပို့ချပေးခဲ့ဖြစ်ပါသည်။ Cooking Skills သင်တန်းကို Monsoon Restaurant တွင်တစ်ပတ်လျှင် (၄) ရက်နှုန်းဖြင့် ကျွမ်းကျင်ပညာရှင်ဖြစ်သော World Chef Association ၏ အသင်းဝင် Chef ဒေါ်ညိုညိုစန်းမှ ဦးဆောင်ပြီး ၊ Assistant (၂) ဦးနှင့်အတူ နိုင်ငံတကာအဆင့်မှီ နည်းစနစ်နှင့်အညီ သင်ကြားပို့ချပေးခဲ့ပါသည်။

အဆိုပါကျွမ်းကျင်မှုပြိုင်ပွဲသို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ Cooking Skills and Restaurant Service Skills ပြိုင်ပွဲဝင်များနှင့်အတူ ဗီယက်နမ်နိုင်ငံသို့ လေ့လာသူများအဖြစ်များအဖြစ် အဖွဲ့ခေါင်းဆောင် ၊ ဒေါ်နင်းနင်းအေး၊ ဦးသန့်ဇင်ဦး၊ ဦးသကြ်န်ကျော်တို့မှ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲကြီးတွင် အသင်းကြီးမှ Cooking Skills and Restaurant Service Skills တို့ကို သွားရောက်ယှဉ်ပြိုင်ရာတွင် Cooking Skills ပြိုင်ပွဲဝင် မောင်မင်းဆုပိုင်မှ Medallion for Excellence ဆုနှင့် Best of Nation ဆုတို့ကို ဆွတ်ခူးရရှိခဲ့ပါသည်။

## <u>၂၀၁၃-၂၀၁၄ ခုနှစ်အတွက် အသင်းကြီးမှ Fund Raising ပြုလုပ်ခြင်း</u>

၆၃။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးမှ ၂၀၁၄ ခုနှစ်အတွက် ပြက္ခဒိန် နှင့် ၂၀၁၅ ပြက္ခဒိန်ပြုလုပ်ခဲ့ပြီး အသင်းကြီးအတွက် ရန်ပုံငွေများကို ရှာဖွေပေးနိုင်ခဲ့ပါသည်။ နှစ်စဉ်၊ နှစ်တိုင်းလည်း Calendar များထုတ်ဝေရန် စီစဉ်ဆောင်ရွက်ထားပါသည်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း မှ ပြည်တွင်း၊ပြည်ပမှ လုပ်ငန်းရှင်များ အစားအသောက်ပြပွဲပြိုင်ပွဲများ၊ ပြိုင်ပွဲများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသင်းကြီးအတွက် ရန်ပုံငွေများလည်း ရှာဖွေပေးနိုင်ခဲ့ပါသည်။

## မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၆၄။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားသမားများအား အစားအသောက် ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရေး အတွက် ပွဲစခင်နှင့် ပြိုင်ပွဲကာလများတွင် အသင်းကြီးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်ဆိုင်များနှင့် တိုင်းဒေသကြီးအသီးသီးမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

၆၅။ 27th SEA Games 2013 နှင့် 7th Para Games 2014 တို့တွင် မြန်မာအားကစားသမားများ အောင်နိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဗဟိုအလုပ်အမှုဆောင်များနှင့် ပြိုင်ပွဲဝင်မြန်မာအားကစားသမားများအား ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရန်အတွက် အကောင်းဆုံး ဆောင်ရွက်ပေးခဲ့ကြသော ဗဟိုအလုပ်အမှုဆောင် ဒေါ်နှင်းနှင်းအေး၊ ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦး နှင့် ပုဂံဇုန်မှ အတွင်းရေးမှူး ဦးခင်မောင်ထွေးတို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၆၆။ 27th SEA Games 2013 and 7th Para Games 2014 တို့တွင် အသင်းကြီး၏ လုပ်ငန်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန်အတွက် ရန်ကုန်-မှ နေပြည်တော်သို့ သွားလာစရိတ်များ၊ စားစရိတ်များကို အသင်းကြီးဆီမှ ပြန်တင်ခြင်းမရှိဘဲ မိမိတို့၏စရိတ်များကိုသာ အသုံးပြုပြီး အသင်းကြီးအတွက် ကူညီပေးခဲ့ကြသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၆၇။ 27th SEA Games 2013 တွင် အားကစားသမားများအား အစားအသောက်ဧည့်ခံကျွေးမွေးရေးနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးအတွက် ဝိုင်းဝန်း ကူညီ ဆောင်ရွက်ပေးခဲ့သော ဗဟိုအလုပ် အမှုဆောင်များ ဆိုင်နှင့် အသင်းဝင်ဆိုင်များမှ Manager Level, Supervisor Level ဝန်ထမ်းများ၊ Food & Beverages ဝန်ထမ်းများ၊ စာဖိုမှူးများ နှင့် အုပ်ချုပ်သူများအဖြစ် ကူညီပေးခဲ့ကြသော FEEL Restaurant မှ (၆၇) ဦး၊ YKKO Restaurant (၁၀) ဦး၊ Royal Thazin Restaurant မှ (၁၅) ဦး ၊ Happy Café & Nooodles (၁၀) ဦး၊ Golden Duck မှ (၁၀) ဦး၊ Padonmar Restaurant မှ (၄) ဦး၊ စိမ်းလန်းစိုပြည်မှ (၂) ဦး၊ Western Park (၂) ဦး၊ စိတ်တိုင်းကျ (၃) ဦး၊ Green Elephant မှ (၈) ဦး၊ Western Park (၃)ဦး၊ Royal Garden မှ (၆) ဦး၊ Royal Star မှ (၈) ဦး၊ Clover Hotel မှ (၂) ဦး၊ KSS မှ (၁) ဦး၊ Bangkok Kitchen မှ (၂)ဦး၊ Friendship Restaurant (၄) ဦး၊ Monsoon Restaurant (၂) ဦး၊ မန္တလေး Oriential House မှ (၅) ဦး၊

Little Tokyo မှ (၁)ဦး နှင့် Japan Gyoza အဖွဲ့များ၊ ပုဂံဇုန်မှ ဝန်ထမ်း (၇) ဦး၊ တောင်ကြီးနှင့် ညောင်ရွှေဇုန်မှ (၆) ဦး၊ နေပြည်တော် မောခမ်းနွံမှ (၁၀) ဦး ၊ Airport Garden မှ (၃) ဦး နှင့် Star Resource သင်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများ နှင့် စားသောက်ဆိုင်များကို အထူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၆၈။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား Organization to Promote Japanese Restaurants Abroad (JRO) မှ Deep Freezers (၉) လုံးနှင့် ဂျပန်အစားအစာများပါဝင်သော Package (2400)ကိုလှူဒါန်းပါသဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၆၉။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဗီယက်နမ်နိုင်ငံ၊ ဟူးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် International Gastronomy Festival Hue-2014 (Vietnam - Taste of the World) ပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်ရာတွင် တစ်စိတ်တစ်ပိုင်းသာ အသင်းမှ ကုန်ကျစရိတ်ခံခဲ့ရပြီး၊ ကျန်ကုန်ကျစရိတ်များကို စိုက်ထုတ်သုံးစွဲပြီး အသင်းအတွက် ဆောင်ရွက်ပေးခဲ့ကြသော FEEL Group အား အသင်းမှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

၇၀။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)မှ ထွန်းမြန်မာဘူဖေး ထမင်းဆိုင်နှင့် ရွှေခရားကြီးစားသောက်ဆိုင်တို့မှ ၂၀၁၄ ခုနှစ်၊မေလ(၁၀)ရက်နေ့မှ (၁၁)ရက်နေ့ထိ မြန်မာကွန်ဗင်းရှင်းစင်တာ(၁)တွင် ကျင်းပပြုလုပ်ခဲ့သည့် 24th ASEAN Summit အစည်းအဝေးတွင် အကျိုးအမြတ်ကို ပဓာနမထားဘဲ Food Court များဖွင့်လှစ်ရောင်းချပေးခြင်းဖြင့် ပူးပေါင်းပါဝင်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

၇၁။ 27thSEA Games 2013 အတွက် တင်ဒါရရှိပြီးနောက်ပိုင်းတွင် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီဝင်များအား လုပ်ငန်းများအဆင်ပြေစွာ ပြင်ဆင်ဆောင်ရွက် လုပ်ကိုင်နိုင်ရန်အတွက် ရုံးခန်းအသုံးပြုခွင့်ပေးခဲ့သူများ၊ နှင့် (၁၀)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲအတွက် သင်တန်းသားများအား သင်တန်းနေရာအတွက် အသုံးပြုခွင့်ပေးခဲ့သည့်ဆိုင်များ၊ အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ရာတွင် ဧည့်ခံကျွေးမွေးခဲ့သည့် ဗဟိုအလုပ်အမှုဆောင်ဆိုင်များ အားလုံးကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၇၂။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ချင်းပြည်နယ်မှ ဧည့်သည်များနှင့် ကရင်ပြည်နယ်မှ ဧည့်သည်များကို ဖိတ်ကြားရာတွင် ဧည့်သည်များအတွက် နံနက်စာ၊ နေ့လည်စာ နှင့် ညစာတို့ကို အလှည့်ကျတာဝန်ယူ ကူညီဧည့်ခံပေးခဲ့ကြသော ဗဟိုအလုပ်အမှုဆောင်ဆိုင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၇၃။ DJ's Bar တွင်ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ်မြောက်ဘားတင်ဒါပြိုင်ပွဲကြီး နှင့် မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပပြုလုပ်ခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံဘားတင်ဒါပြိုင်ပွဲကြီး

တို့အား အဖက်ဖက်မှ အဆင်ပြေ အောင်မြင်စွာ ပြီးဆုံးစေရေးအတွက် Event Organizer မငှားဘဲ ဝိုင်းဝန်းဆောင်ရွက် ပေးခဲ့ကြသော ပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင်များ ၊ ဥက္ကဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

၇၄။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၁၉) ရက်နေ့မှ (၂၉) ရက်နေ့ထိ ၊ ဗီယက်နမ်နိုင်ငံ၊ဟန္နိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော (၁၀) ကြိမ်မြောက်အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ Cooking Skills and Restaurant Service Skills တို့ကို သွားရောက်ယှဉ်ပြိုင် ရာတွင် ဗီယက်နမ်နိုင်ငံသို့ Oberserver အဖြစ် အသင်းစရိတ်ကိုအသုံးပြုခြင်းမရှိဘဲ စရိတ်များကို ကုန်ကျခံပြီး အသင်းကြီးအကျိုးအတွက် ဆောင်ရွက်ပေးခဲ့ကြသော ဘဏ္ဍာရေးမှူး ဦးသန့်ဇင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသောဒေါ်နှင်းနှင်းအေး၊ ဦးသကြိန်ကျော်တို့အား အသင်းကြီးမှ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

## စားသောက်ဆိုင်ငယ်လေးများအားမြှင့်တင်ပံ့ပိုးပေးခြင်း

၇၅။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးအား မြန်မာနိုင်ငံအတွင်းရှိ စားသောက်ဆိုင် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှု အရည်အသွေးနှင့် စားသောက်ဆိုင်များကြုံတွေ့နေရသော အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းပေးခြင်းများကို တတ်အားသရွေ့ ဆောင်ရွက်ခဲ့ပါသည်။အသင်းကြီးမှ စားသောက်ဆိုင်ငယ်လေးများအား သတ်မှတ်ထားသော စည်းမျဉ်းများနှင့်ကိုက်ညီသည့် ဆိုင်များကို ရွေးချယ်ရေး ကော်မတီမှ မြို့နယ်အလိုက်ဆိုင်များကို လိုက်လံကြည့်ရှုပြီး ရွေးချယ်ထားပြီးဖြစ်ပါသည်။ ရွေးချယ်ထားသည့် စားသောက်ဆိုင်ငယ်လေးများကို မြှင့်တင်ပေးရေးအတွက် ပြည်တွင်း ၊ ပြည်ပမှ ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ကိုင်နေပါသည်။ အဆိုပါကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် အတွက် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ပြီးဖြစ်ပြီး ၊ လက်ရှိတွင်စားသောက်ဆိုင်(၁၇) ဆိုင်ကိုရွေးချယ်ထားပြီး အဆိုပါဆိုင်များမှ ဝန်ထမ်းများကိုလည်း ကျန်းမာရေးဌာနတွင် ဆေးစစ်ပေးပြီး ဖြစ်ပါသည်။

၁။ စားသောက်ဆိုင်ငယ်လေးများအား မြှင့်တင်ပေးရသည့် ရည်ရွယ်ချက်

(က) စားသောက်ဆိုင်လေးများ သန့်ရှင်းသပ်ရပ်၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန်။

(ခ) စားသုံးသူ ပြည်သူများ သန့်ရှင်းလတ်ဆတ်သော အစားအစာများ နေ့စဉ်စားသုံးနိုင်စေရန်။

(ဂ) အမျိုးသား ကျန်းမာရေးအခန်းကဏ္ဍအတွက် အထောက်အကူဖြစ်စေရန်။

(ဃ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဤလုပ်ငန်းကို အကောင်အထည်ဖော်လုပ်ဆောင်ရခြင်းဖြစ်ပါသည်။

ငင်းဆိုင်လေးများထဲမှ

၁။ အသင်း၏ရည်ရွယ်ချက်များကို သိရှိနားလည်းပြီး ပူပေါင်းပါဝင်လက်တွဲလုပ်ဆောင်လိုမှုရှိခြင်း။

၂။ စည်ပင်သာယာမှ တရားဝင်ခွင့်ပြုထားသောနေရာတွင် ရောင်းချခြင်း။

၃။ စားသုံးသူအများစုမှ လက်ခံစားသုံးနေသောဆိုင်ဖြစ်ခြင်း။

၄။ တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်၍ ကျန်းမာရေးစစ်ဆေးမှုခံယူနိုင်သူဖြစ်ခြင်း။

အထက်ပါ အချက်များဖြင့်ပြည့်စုံပြီး၊ ပထမအဆင့်အနေဖြင့် ရွေးချယ်ခံရသောဆိုင်များကို စံပြဆိုင်အဖြစ်သတ်မှတ်၍ စည်ရုံး၊ပညာပေးပံ့ ပိုးကူညီမှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

**၂။ ပထမအဆင့် ကူညီပံပိုးပေးမည့်ပစ္စည်းများနှင့် အစီအစဉ်**

- ❖ ပရိဘောဂ အသုံးအဆောင်းပစ္စည်းများ
- ❖ မီးဖိုချောင်းသုံးပစ္စည်းများ
- ❖ ပုဂံ ၊ခွက်ယောက် ၊ ဇွန်း၊ ဇွန်း/ခရင်း အသုံးအဆောင်းပစ္စည်းများ
- ❖ ယင်လုံဇကာ ၊ ယင်လုံမှန်အိမ်များ
- ❖ ပလပ်စတစ် ပစ္စည်းများ
- ❖ ရင်ကာ၊ ခေါင်းဆောင်း၊ လက်အိတ်များ ကူညီပံပိုးပေးခြင်းနှင့် ဆိုင်အားဆေးသုတ် မွန်းမံပြင်ဆင်ပေးခြင်း။

ကျန်းမာရေးဆေးစစ်ပေးခြင်း နှင့် အခြေခံအစားအသောက်ဝန်ဆောင်မှု သင်တန်းပို့ချပေးခြင်းများ ကူညီပံပိုးပေးပါမည်။

## လုပ်ငန်းစီမံချက်ဆက်လက်အကောင်အထည်ဖေါ်ခြင်း

ပထမအဆင့် ရရှိသောအတွေ့အကြုံ၊အားနည်းချက် ၊အားသာချက်များကိုပြန်လည်သုံးသပ်၍ ဒုတိယအဆင့်အနေဖြင့် ကျန်မြို့နယ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## သက်ဆိုင်ရာဝန်ကြီးဌာနများ၊အာဏာပိုင်များနှင့်အဖွဲ့အစည်းများသို့ တိုက်တွန်းချက်

၁။ စားသောက်ဆိုင်များအတွက် မြေနေရာ ငှားရမ်းခဈေးနှုန်းမြင့်မားလာခြင်း၊

၂။ အဖျော်ယမကာလိုင်စင်ရရှိရန်ခက်ခဲခြင်းနှင့် လိုင်စင်ဈေးနှုန်းများမြင့်မားလာခြင်း၊

၃။ မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားသားလုပ်ငန်းရှင်များအနေဖြင့် အခွန်သက်သာခွင့် (၅)နှစ်ရရှိသော်လည်း၊ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်မရရှိခြင်းနှင့် ဖိစီးနေသောအခွန်အခများ လျှော့ချပေးရေး၊

၄။ ဘဏ်များမှအသေးစား၊ အလတ်စားလုပ်ငန်းရှင်လေးများအတွက် နှစ်ရှည်ချေးငွေများ အလွယ်တကူမရရှိခြင်း၊

၅။ စားသောက်ဆိုင်များတွင်အသုံးပြုသောစားသောက်ကုန်နှင့်ကုန်ကြမ်းပစ္စည်းများ စျေးနှုန်းမြင့်မားလာခြင်း

၆။ ကျွမ်းကျင်ဝန်ထမ်းများရှားပါးလာခြင်း

အထက်ပါကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအာဏာပိုင်များ၊အဖွဲ့အစည်းတို့မှ ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး အလျှင်အမြန်ဖြေရှင်း ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

၇၆။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီးအား ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်း တည်ထောင်ထားသော အသင်းကြီးဖြစ်၍ စားသောက်ဆိုင်များ၊ စားသောက်ဆိုင်ဝန်ထမ်းများ အကျိုးနှင့် နိုင်ငံတော်၏အကျိုးကို သယ်ပိုးရန်အတွက် အလုပ်အမှုဆောင်များ၏စိတ်တွင် အစဉ်ကိန်းအောင်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အသင်းကြီးအနေနှင့် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်သွားရန် ရှေ့လုပ်ငန်းစဉ်များ အဖြစ်ချမှတ်ထားပါသည်။

(က) လမ်းဘေးစျေးသည်လေးများမြှင့်တင်ပေးရေးလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်သွားရန်

(ခ) မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှဖွင့်လှစ်ရန်ရှိသော ညစျေးတန်းအား အစဉ်တည်တံ့ခိုင်မြဲရေးအတွက် Yangon Heritage Trust(YHT) မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းရဲတပ်ဖွဲ့မှူးများနှင့် ဆက်စပ်လျှက်ရှိသော ဝန်ကြီးဌာများနှင့် အဖွဲ့အစည်းများ ၊ ဒေသခံ ပြည်သူများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်သွားရန်။

(ဂ) စားသောက်ဆိုင်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတတ်ပညာ ဆွေးနွေးဖလှယ်မှုများ၊ ပညာပေးဟောပြောပွဲများ၊ Seminar များ၊ အခြေခံ ဝန်ဆောင်မှုသင်တန်းများကို အသင်းကြီးမှ ဆက်လက် စီစဉ်ဆောင်ရွက်ရန်။

(ဃ) စားသောက်ဆိုင်များအတွက် Techanical Hand Book များပြုစုထုတ်ဝေရန်။

(င) နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစားအသောက်ဆိုင်ရာ Exhibition များကို အသင်းကြီးမှ တစ်နှစ်လျှင် (၂) ကြိမ်ထက် မနည်း ရေရှည်ဆက်လက်ဆောင်ရွက်သွားရန်။

(စ) စားသောက်ဆိုင်အသင်းမဖွဲ့စည်းရသော ကျန်ရှိသည့် လိုအပ်သည့်တိုင်းဒေသကြီးများနှင့် ဖုန်များတွင် ဆက်လက်ဖွဲ့စည်းရန်

(ဆ) မြန်မာ့အစားအသောက်အား ကမ္ဘာမှပိုမိုသိရှိရန်အတွက် ပြည်တွင်း၊ ပြည်ပ အစားအစာပြပွဲများတွင် ပါဝင် ဆင်နွဲပြသရန် အတွက် ဆက်လက် စီစဉ်ဆောင်ရွက်ရန်။

(ဇ) မြန်မာ့ရိုးရာအစားအစာများကို TV Program များရိုက်ကူခြင်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် သူများနှင့် ဆက်လက်ရိုက်ကူးရန်

(ဈ) နိုင်ငံခြားသား ဝင်ထွက်သွားလာမှုများသော ပြည်တွင်းနေရာတွင်ရှိသော ဈေးရောင်းချသူများကို ပညာပေး ပံ့ပိုးမှုများ ပြုလုပ်ပေးခြင်း။

(ည) စားသောက်ဆိုင်များကြုံတွေ့နေရသော အခက်အခဲများကို တင်ပြဆွေးနွေးနိုင်ရန်အတွက် ကျန်မာရေး ဝန်ကြီးဌာန ၊ စည်ပင်သာယာ၊ အခွန်ဦးစီးဌာနစသည့် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးရန်အတွက် ဆက်လက်စီစဉ်ဆောင်ရွက်ရန်။

(ဋ) နှစ်စဉ် အကောင်းဆုံး စားသောက်ဆိုင်များအား အောက်ပါဆုများ ပေးအပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရန်

1. The Best Myanmar Food Restaurant Awards,
2. The Best Thai Food Restarant
3. The Best Japanese Food Restaraurant
4. The Best Korean Food Restaruant
5. The Best Biriani Restaruant
6. The Best Chinese Food Restaurant
7. The Best Coffee Shop
8. The Best Bar
9. The Best Male Chef Award
10. The Best Female Chef Award
11. The Best Tea Shop Award
12. The Best Mont Hingar Shop Award
13. Top 5 Restaurant Awards for Each Cities
14. Restaurant and Bar Design Award

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ တာဝန်နှင့် ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကအထက်မှ ဦးဆောင်၍ ကဏ္ဍအလိုက် အမြဲတမ်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်သွားလျှက်ရှိပါသည်။

(က) စီမံခန့်ခွဲရေးကော်မတီ

(ခ) ဈေးကွက်မြှင့်တင်ရေးနှင့် ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ

(ဂ)နိုင်ငံတကာ ဆက်ဆံရေးကော်မတီ

(ဃ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကော်မတီ

(င)သတင်းနှင့် ပြန်ကြားရေးကော်မတီ

(စ)ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးကော်မတီ

(ဆ) အငြင်းပွားမှု ဖြေရှင်းရေးကော်မတီ

(ဇ)အဆင့်သတ်မှတ်ရေးကော်မတီ

## အသင်းဝင်ခြင်းဆိုင်ရာကိစ္စရှင်းလင်းတင်ပြခြင်း

၇၇။ အသင်းကြီး တောင့်တင်းခိုင်မာစေရေးနှင့် အသင်းလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်အတွက် အသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှု အားပေးကူညီမှု အထူးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသအလိုက် အသင်းဝင်ရောက်နိုင်ရေးကို တိုင်းဒေသကြီးများနှင့်ဇုန်များမှ အလုပ်အမှုဆောင်များမှ ကြိုးစားဆောင်ရွက်သွားရန်အပ်သည်။

## နိဂုံး

၇၈။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းသည် သက်တမ်း(၃) နှစ်ကျော်အတွင်း အရေးပါသော ဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ မိမိတို့စားသောက်ဆိုင်များ လိုအပ်ချက် အခက်အခဲများကို ထိထိရောက်ရောက် တင်ပြနိုင်ပြီဖြစ်ပါသည်။ အသင်းကြီးအနေဖြင့် တိုင်းဒေသကြီးများမှ တင်ပြချက်ထူးခြားချက်များကို စုစည်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြသွားမည် ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံစာသောက်ဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြားမှ ကြံ့ကြံ့ခိုင်ပြီး တိုးတက်မှုရရှိအောင် မိမိတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်ကြရန် အထူး လိုအပ်ကြပါသည်။ အနာဂတ် စားသောက်ဆိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မမိုတ်မသုန် စုပေါင်း ပေါင်းစပ်ထားသော လူသားအရင်းမြီးမြှုပ်နှံများသည် မတတ်မဖြစ်သော အရာများကို မမိုတ်မသုန်သော လေ့လာသင်ယူမှုများဖြင့် ကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းလိုက်ပါသည်။ ခတ်မီသော လူ့စွမ်းအား ရင်းနှီးမြှုပ်နှံမှုမှသည်ခေတ်မီသော လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရမည် ဖြစ်၍

မိမိတို့အားလုံး တိုင်းပြည်နှင့်လူမျိုးအတွက် အရာရာကို မှန်မှန်ကန်ကန်သုံးသပ်ပြီး စိတ်ဓာတ်မြင့်မား တက်ကြွစွာ ကြိုးစားအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်စာရင်းများ

| စဉ် | အမည် | ရာထူး | ဆိုင်အမည် |
|---|---|---|---|
| ၁။ | ဦးမောင်မောင် | နာယက | Panda Restaurant |
| ၂။ | ဦးမြင့်သိန်း | နာယက | Western Park Restaurant |
| ၃။ | ဦးဉာဏ်လင်း | ဥက္ကဋ္ဌ | YKKO Restaurant |
| ၄။ | ဦးဆန်နီအောင်ခင် | အကြီးတန်းဒု-ဥက္ကဋ္ဌ-၁ | Padonmar Restaurant |
| ၅။ | ဒေါ်တင်မာမြင့် | အကြီးတန်းဒု-ဥက္ကဋ္ဌ-၂ | Royal Thazin Restaurant |
| ၆။ | ဦးခင်အောင်ထွန်း | ဒု-ဥက္ကဋ္ဌ-၁ | White Rice Restaurant |
| ၇။ | ဦးခင်မောင်ဦး | ဒု-ဥက္ကဋ္ဌ-၂ | Golden Duck Restaurant |
| ၈။ | ဦးအေးကြည် | ဒု-ဥက္ကဋ္ဌ-၃ | Seit Taing Kya Tea Garden |
| ၉။ | ဦးနေလင်း | ဒု-ဥက္ကဋ္ဌ-၄ | Sein Lan So Pyay |
| ၁၀။ | ဦးကျော်မြတ်မိုး | အထွေထွေအတွင်းရေးမှူး | Khaing Khaing Kyaw |
| ၁၁။ | ဒေါ်ဖြူဖြူတင် | တွဲဘက်အတွင်းရေးမှူး-၁ | Monsoon Restaurant |
| ၁၂။ | ဒေါက်တာနေဇော်အောင် | တွဲဘက်အတွင်းရေးမှူး-၂ | Dolphin Restaurant |
| ၁၃။ | ဦးမြင့်ဇော် | တွဲဘက်အတွင်းရေးမှူး-၃ | Happy Café & Noodles |
| ၁၄။ | ဦးပြည့်ဝေဖြိုး | တွဲဘက်အတွင်းရေးမှူး-၄ | FEEL Restaurant |
| ၁၅။ | ဦးသန့်ဇင်ဦး | ဘဏ္ဍာရေးမှူး | Bo Bo Min Tea Garden |
| ၁၆။ | ဦးရဲဝင်းထွန်း | စာရင်းစစ် | YKKO Restaurant |
| ၁၇။ | ဦးမြတ်ဆွေမြင့် | ဗဟိုအလုပ်အမှုဆောင် | Eugenia Café |

| | | |
|---|---|---|
| ၁၈။ ဒေါ်ချယ်ရီအောင်ခင် | ဗဟိုအလုပ်အမှုဆောင် | Green Elephant Restaurant |
| ၁၉။ ဦးဌေးရင် | ဗဟိုအလုပ်အမှုဆောင် | Royal Garden Restaurant |
| ၂၀။ ဦးစိုးညီညီ | ဗဟိုအလုပ်အမှုဆောင် | FEEL Restaurant |
| ၂၁။ ဦးကျော်ကျော်နိုင် | ဗဟိုအလုပ်အမှုဆောင် | YKKO Restaurant |
| ၂၂။ ဒေါ်နှင်းနှင်းအေး | ဗဟိုအလုပ်အမှုဆောင် | Airport Garden |
| ၂၃။ ဦးသကြ်ာန်ကျော် | ဗဟိုအလုပ်အမှုဆောင် | Royal Star Restaurant |
| ၂၄။ ဒေါ်ဇာလီမော်ဦး | ဗဟိုအလုပ်အမှုဆောင် | P3 & Shanti Restaurant |
| ၂၅။ ဒေါ်မိုးသန္တာဝင်း | ဗဟိုအလုပ်အမှုဆောင် | Hello Japanese Restaurant |
| ၂၆။ ဦးအောင်စည်သူစိုး | ဥက္ကဋ္ဌ (ရန်ကုန်) | Little Tokyo Japanese |
| ၂၇။ ဒေါ်ခင်စောဦး | ဥက္ကဋ္ဌ (မန္တလေး) | Oriential House |
| ၂၈။ ဦးအောင်ကျော်ဦး | အတွင်းရေးမှူး (မန္တလေး) | BBB Restaurant |
| ၂၉။ ဦးတင့်ဆွေ | ဥက္ကဋ္ဌ ( ပုဂံဇုန်) | Nandar Restaurant |
| ၃၀။ ဦးခင်မောင်ထွေး | အတွင်းရေးမှူး (ပုဂံဇုန်) | La Min Thit |
| ၃၁။ ဦးအောင်အောင် | ဥက္ကဋ္ဌ (တောင်ကြီးဇုန်) | Burger House |
| ၃၂။ ဦးမင်းဇော်သန်း | အတွင်းရေးမှူး(တောင်ကြီးဇုန်) | Sunset Win Garden |
| ၃၃။ ဦးမျိုးမင်းဇော် | ဥက္ကဋ္ဌ (ညောင်ရွှေဇုန်) | View Point Restaurant |
| ၃၄။ ဦးအောင်ကျော်မိုး | အတွင်းရေးမှူး(ညောင်ရွှေဇုန်) | Inle Pancake Kingdom |
| ၃၅။ ဦးတင်ဆွေ | ဥက္ကဋ္ဌ (နေပြည်တော်ဇုန်) | Unison |
| ၃၆။ ဦးစိုင်းထွန်းဦး | အတွင်းရေးမှူး(နေပြည်တော်ဇုန်) | Maw Khan Nong Restaurant |
| ၃၇။ ဦးစိုးမြင့် | ဥက္ကဋ္ဌ (ပြင်ဦးလွင်ဇုန်) | Hotel Pyin Oo Lwin |
| ၃၈။ ဦးတင်မောင်ထွေး | အတွင်းရေးမှူး(ပြင်ဦးလွင်ဇုန်) | Golden Lion Restaurant |
| ၃၉။ ဦးအောင်စံ | ဥက္ကဋ္ဌ (ကယား) | Royal Village |
| ၄၀။ ဦးလှမိုး | အတွင်းရေးမှူး (ကယား) | Loikaw City |
| ၄၁။ ဦးခင်မောင်ဖြူ | ဥက္ကဋ္ဌ (ကျိုက်ထိုဇုန်) | ဘဲလေးစားသောက်ဆိုင် |
| ၄၂။ ဦးပြည့်စုံဟိန်း | အတွင်းရေးမှူး(ကျိုက်ထိုဇုန်) | စံအိမ်တော် |
| ၄၃။ ဦးချန်ထွန်း | ဥက္ကဋ္ဌ (မော်လမြိုင်ဇုန်) | သံလွင်စားသောက်ဆိုင် |
| ၄၄။ ဦးညီညီလတ် | အတွင်းရေးမှူး(မော်လမြိုင်ဇုန်) | ဘုန်းကြီးစားသောက်ဆိုင် |
| ၄၅။ ဦးကျော်ဝင်း | ဥက္ကဋ္ဌ( တနင်္သာရီ) | ပန်းကေရီစားသောက်ဆိုင် |
| ၄၆။ ဦးဝင်းစိုး | အတွင်းရေးမှူး ( တနင်္သာရီ) | 443 Restaurant |
| ၄၇။ ဦးအောင်မျိုးထွန်း | ဥက္ကဋ္ဌ (ကရင်) | ချစ်လေးကော်ဖီ |
| ၄၈။ ဦးခင်မောင်စိုး | အတွင်းရေးမှူး(ကရင်) | ခွယ်ကဘောင် |